မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၉ ရက်၊ စနေနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၀၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ICT သည် နေ့စဉ်ဘဝလှုပ်ရှားမှုကို အပြောင်းအလဲဖြစ်စေနိုင်သည့်အင်အားတစ်ရပ်ဖြစ် အစိုးရ၏အားပေးချီးမြှောက်မှု၊ ICT ပညာရှင်များ တက်ကြွစွာအားထုတ်မှုကြောင့် မြန်မာနိုင်ငံ၏အိုင်စီတီဖွံ့ဖြိုးမှု ထင်ရှားသည့်သာဓကများဖြင့် ဖြစ်ထွန်းအောင်မြင် ကမ္ဘာ့ အဆင့်အတန်းမီ Cyber City ဟုခေါ် နိုင်မည့် ရတနာပုံမြို့သစ်စီမံကိန်းချမှတ်ထား

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ကြီးကြပ်မှုဖြင့် ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ (The Fifth Myanmar ICT Week 2006) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ကော်ပိုရေးရှင်းလီမိတက် (Myanmar Info-Tech Corporation Ltd.) အဆောက်အအုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ အသင်းချုပ်မှ တာဝန်ရှိသူများ၊ Myanmar Info-Tech Corporation Ltd. ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာဝါသနာရှင်အသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊

စာမျက်နှာ ၇ ကော်လံ ၁ ✻

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ Bio Matric စနစ်သုံး၍ ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

အိုင်တီပညာရပ်များ၏ ဗဟုသုတများစွာတိုးပွားစေမည့် မြန်မာအင်ဖိုတက်ကော်ပိုရေးရှင်းလီမိတက်တွင် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ

တွေ့ဆုံမေးမြန်းသူ—မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ—တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအတွင်း အိုင်တီနည်းပညာနှင့်ပတ်သက်သော အသိပညာနှင့် ဗဟုသုတများရရှိရန် လိုအပ်ပေသည်။ လူငယ်ထုအတွင်း အိုင်တီနည်းပညာရပ်များ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများနှင့် လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် အိုင်တီနည်းပညာနှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်။

ထိုသို့ ပြုလုပ်ရာတွင် မြန်မာအိုင်စီတီ ရက်သတ္တပတ်များ ပြုလုပ်ခဲ့သည့် အကြိမ်တိုင်း အလုပ်ရုံဆွေးနွေးပွဲများပါ တစ်ပြိုင်နက်ပူးတွဲပြုလုပ်ခဲ့သည့်အပြင် သီးခြားအစီအစဉ်များဖြင့်လည်း ဟောပြောပွဲများ ပြုလုပ်ခဲ့သည်။ ယခု ပဉ္စမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆၌လည်း ကွန်ပျူတာပညာရှင်များက နေ့စဉ်ဆွေးနွေးဟောပြောမှုများ ပြုလုပ်ကြမည်ဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့က ဆွေးနွေးဟောပြောမည့် ပညာရှင်များနှင့် ကြိုတင်သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၁ ❒

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်း အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လာခဲ့သည့် နယ်ချဲ့စနစ်ဆိုးနှင့်အတူ တစ်ပါတည်း ပါလာခဲ့သည်။ နယ်ချဲ့တို့သည် ရေရှည်ကျွန်ပြုနိုင်စေရန် လူသားမျိုးနွယ်တစ်ရပ်လုံးကို လူညွန့်တုံး ပျက်စီးစေနိုင်သည့်ဘိန်းကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေစိုက်ပျိုးစေခဲ့သည်။

ရှေးမြန်မာမင်းများလက်ထက်ကပင် ဘိန်း၊ ဘင်း၊ ကဆော်၊ လှော်စာ၊ အရက်ဟူသော ယစ်မျိုးငါးပါးကို ရှောင်ကြဉ်ရန် တားမြစ်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်တို့သည် မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးဟူသည့် မဟာဗျူဟာနှစ်ရပ်ကို ချမှတ်ပေးခဲ့သည်။ မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် နည်းဗျူဟာသုံးရပ်နှင့် နည်းနာနိဿယ သုံးရပ်ကိုလည်း ချမှတ်အကောင်အထည် ဖော်ခဲ့သည်။

နည်းဗျူဟာသုံးရပ်မှာ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ဖြစ်သည်။ နည်းနာနိဿယ သုံးရပ်မှာ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများ၏ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မား တိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့ဖြစ်သည်။

နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးခဲ့သည့်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ရည်မှန်းချက်များချမှတ်ပြီး နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားအထူးဒေသ(၄)ကို ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ဘိန်းပပျောက်ကြောင်း ကြေညာနိုင်ခဲ့ပြီး ဘိန်းပပျောက်သည့် အထိမ်းအမှတ်ပြတိုက်တစ်ခု ဖွင့်လှစ်နိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ကိုးကန့် အထူးဒေသ(၁)၌ ကိုးကန့်ဒေသ မူးယစ်ဆေးဝါး ပပျောက်ရေးပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကိုးကန့် အထူးဒေသ(၁)တွင် တရားမဝင်ဘိန်းစိုက်ပျိုးမှုကို ၂၀၀၃ ခုနှစ်မှ စတင်ရပ်ဆိုင်းခဲ့ပြီး အစားထိုးဝင်ငွေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းရင်းသား ခေါင်းဆောင်များက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အလားတူ "ဝ"အထူး ဒေသ(၂)ကိုလည်း ၂၀၀၅ ခုနှစ်၌ တရားမဝင်ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းပြီး ဘိန်းကင်းမဲ့ဒေသအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်သည် လူသားအားလုံးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဆိုသည်ကို အလေးအနက်ယုံကြည်ခံယူထားပြီး မူးယစ်ဆေးဝါးစိုက်ပျိုး ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုချုပ်ငြိမ်းပပျောက်ရေး ဦးတည်ချက်ဖြင့် ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းကြီးတစ်ခုလုံးအတွက် ခန့်မှန်းမြန်မာကျပ်ငွေ သန်းပေါင်း ၃၃၅၈၈ ဒသမ ၁၄ သန်း၊ အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ ထိရောက်သည့် အထောက်အပံ့များ မရသော်လည်း မြန်မာနိုင်ငံ၏ ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်သယံဇာတများကို အခြေခံပြီး အမျိုးသားရေးတာဝန်အဖြစ် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ (၁၉)ကြိမ်၊ နယ်စပ်ဒေသနှင့် အခြားမြို့များ၌ (၃၈)ကြိမ် မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ မီးရှို့ဖျက်ဆီးခဲ့သည့် မူးယစ်ဆေးဝါးများ၏တန်ဖိုးမှာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၄၉၅ သန်းအထိ ရှိခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ရှုမြင်ပြီး အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းနယ်ပယ်တွင် အောင်မြင်မှုများစွာ ရရှိနေသည့်အလျောက် ချုပ်ငြိမ်းပပျောက်သွားသည်အထိ ကြိုးပမ်း ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉-၄-၂၀၀၆
(စနေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"ဣန္ဒြေငါးပါးအင်အားညီမှ"**

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၁၅ ၄။ မြန်မာ့ရှုခင်း
၁၂:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၅၀ ၆။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အဖွင့်အပိတ်"** (အပိုင်း-၁)
၀၁:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၁၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၂၅ ၉။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၅:၃၅ ၁၀။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၁။ English Premier League ဘောလုံးပွဲအစီအစဉ် Chelsea Vs Manchester United (Live)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင်သိုင်းလုလင်"** (အပိုင်း-၃၆)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

✡ ကျော့ဖုံးမှ

ထို့အပြင် ဦးစိုင်းဆောင်စီ(ခေါ်) ဦးနယ်လ်ဆင်သည် ၎င်း၏ကိုယ်တိုင် ဆန္ဒသဘောထားအလျောက် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ အပြီးအပိုင်နုတ်ထွက်ခွင့်ပြုပါရန် ဧပြီ ၂၇ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင် (ရန်ကုန်မြို့) ထံသို့ ကိုယ်တိုင်နုတ်ထွက်လွှာ ပေးပို့နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့သော ဦးစိုင်းဆောင်စီ (ခေါ်) ဦးနယ်လ်ဆင်၏ နုတ်ထွက်လွှာတွင် ၎င်းသည် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၅-၉၆ခုနှစ်တွင် အမျိုးသားညီလာခံအား ဆန့်ကျင်လျက် တက်ရောက်ခြင်းမပြုရန် ပါတီက ဆုံးဖြတ်၍ ညီလာခံအား ကျောခိုင်းဆန့်ကျင်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ ပါတီနှင့် သဘောထားချင်း တိုက်ဆိုင်မှုမရှိခဲ့ကြောင်း၊ ၎င်းအနေဖြင့် အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းသည် အမှန်တကယ်လိုအပ်သော အချက်များကို ကိုယ်စားပြု၍ ဆွေးနွေး၊တင်ပြ၊ ဆုံးဖြတ်နိုင်ခြင်းဖြစ်သည်ဟု ခံယူထားပါကြောင်း၊ ထို့ကြောင့် ပါတီက အမျိုးသားညီလာခံအားဆန့်ကျင်ကျောခိုင်းခဲ့သည်ကို ထိုစဉ်ကပင် လက်မခံနိုင်ပါဟု ဆွေးနွေးခဲ့ကြောင်း၊ ယခုကျင်းပနေသည့် အမျိုးသားညီလာခံကို ဆက်လက်ထောက်ခံနေဆဲဖြစ်ကြောင်း၊ နောက်ပိုင်းကာလများ၌လည်း SNLD ၏ လုပ်ဆောင်ချက်များသည် ပြည်ပအားကိုးသည့် သဘောထားရှိလာပြီး အခြားတစ်ဘက်တွင်လည်း လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် ပတ်သက်ဆက်စပ်မှုများရှိနေသည့်အသွင် ဆောင်နေသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေကာ ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်နေမှုများ ရှိလာနေကြောင်း၊ ထို့အပြင် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါတီ၏လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှု တစ်စုံတစ်ရာမျှမရရှိခဲ့ကြောင်း၊ အဆိုပါအကြောင်းအချက်များကြောင့် ယခုကဲ့သို့ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်အဖြစ်မှလည်းကောင်း၊ ပါတီတာဝန်အသီးသီးမှလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှလည်းကောင်း နုတ်ထွက်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကျင်းပမည်

ရန်ကုန် ဧပြီ ၂၈

မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၏ ဦးဆောင်မှုအရ ငါးလုပ်ငန်း ဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်တို့က တာဝန်ယူ ၍ဖွဲ့စည်းမည့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်း လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေး အခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဖွဲ့စည်းရေး အခမ်းအနားနှင့်အတူ အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုပါ ပူးတွဲကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်များအားလုံး ဖိတ် စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖွဲ့စည်းရေး အခမ်းအနားသို့ မပျက်မကွက်တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ရုံးခန်း (ဗဟန်း၃လမ်းမှတ်တိုင်အနီး)တွင် ၃၃ ၆/B ခမ္မဒါနလမ်း၊ တာမွေ မြို့နယ်နေ ဦးသက်ဦး-ဒေါ်ဝင်းမြင့်နှင့်သမီးများက သမီး မသဉ္ဇာဆုဝေ၏ မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးမောင်မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ASEAN Furniture & Interior Fittings (BITEC) သို့ သွားရောက် လေ့လာရန်နှင့် The National Council of Women of Thailand အဖွဲ့နှင့် တွေ့ဆုံရန် အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ ဒုတိယ ဥက္ကဋ္ဌ ဒေါ်နုနုရီနှင့် အလုပ်အမှုဆောင် ဒေါ်မျိုးမျိုးသက်တို့ ဦးဆောင်၍ အသင်းသူ ၃၀ လိုက်ပါသော အဖွဲ့သည် ဧပြီ၂၆ရက်နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လေးနှင့် အလုပ်အမှုဆောင်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့ အစီအစဉ်များကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ဝေဝေသာ ၂၀၀၅ ခုနှစ် လုပ်ငန်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြသည်။

နှစ်ပတ်လည် အစည်းအဝေးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခင်ခင်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

အသင်းဥက္ကဌ ဒေါ်ခင်ခင်ဝင်းက အမှာစကား ပြောကြားသည်။ **(ဝဲပုံ)**

ဖတ်ကြားတင်သွင်း

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ၂၀၀၅ခုနှစ် လုပ်ငန်းအစီရင်ခံစာကိုလည်းကောင်း၊ အကျိုးဆောင် စာရင်းစစ် ဒေါ်သင်းသင်းက ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်၏ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်းက ၂၀၀၅-၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် ငွေစာရင်းရှင်းတမ်းနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် ရသုံးမှန်းခြေစာရင်းကို လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ကြရာ ကချင်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်းကလည်းကောင်း၊ ကယားပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုကလည်းကောင်း၊ ကရင်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီသီဝင်းကလည်းကောင်း၊ ချင်းပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်မေရီကလည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

အကြံပြုဆွေးနွေး

ထို့နောက် ပြည်နယ်နှင့် တိုင်းကိုယ်စားလှယ်များက တင်သွင်းကြသည့် အစီရင်ခံစာများအပေါ် သဘာပတိကသုံးသပ်အကြံပြုဆွေးနွေးသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက် ရေး အသင်း (၁၆) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ပထမနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက် ရေး အသင်းဒုတိယဥက္ကဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ယင်းနောက် တင်သွင်းသည့် အစီရင်ခံစာများအပေါ် တက်ရောက်လာကြသူများ၏ သဘောတူညီချက်ဖြင့် သဘာပတိက အတည်ပြုသည်။

ဆက်လက်၍ ပြည်နယ်နှင့် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များက ၂၀၀၅ ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ဖတ်ကြားတင်သွင်း

ယင်းနောက် မွန်းလွဲပိုင်း နှစ်ပတ်လည် အစည်းအဝေးအစီအစဉ်များကို ဆက်လက်ကျင်းပရာမြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဌ ဒေါက်တာဒေါ်တင်လင်းမြင့်က သဘာပတိအဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဧရာဝတီတိုင်း၏ ၂၀၀၅ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာ စောသန္တာမြင့် ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

မကွေးတိုင်း၏ ၂၀၀၅ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေး ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အနောက်)၏ ၂၀၀၅ခုနှစ် အတွက်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါ်ဥမ္မာ ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့)၏ ၂၀၀၅ ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်း ရေးမှူး ဒေါက်တာတင်တင်ဝင်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း၏ ၂၀၀၅ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်း ရေးမှူး ဒေါက်တာသန္တာမျိုးဝင်း ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း၏ ၂၀၀၅ ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ငွေစာရင်း ရှင်းတမ်းနှင့် ၂၀၀၆-၂၀၀၇ခုနှစ် ရသုံးမှန်းခြေ စာရင်းကို ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်၏ ၂၀၀၅ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်း ရေးမှူး ဒေါက်တာဒေါ်မြင့်မြင့်သန်း ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်၏ ၂၀၀၅ ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်း ရေးမှူး ဒေါ်မေရီ ဖတ်ကြားတင် သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာ နန်းကိန်းဖောင်းတစ် ဖတ်ကြား တင်သွင်းစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း၏ ၂၀၀၅ခုနှစ် အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်း ရေးမှူး ဒေါက်တာ ရီရီလွင် ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာ သင်းသင်းလေး ဖတ်ကြားတင် သွင်းစဉ်။ (သတင်းစဉ်)

မျက်နှာအစားထိုးခွဲစိတ်ကုသ

တရုတ်နိုင်ငံ ရှန်စီပြည်နယ် စီအန်မြို့ရှိဆေးရုံတွင် ဝက်ဝံတစ်ကောင်နှင့် ရင်ဆိုင်တွေ့စဉ် ကိုက်ဖဲ့ခြင်းခံခဲ့ရသောကြောင့် မျက်နှာပျက်စီးခဲ့သော လူနာတစ်ဦး မျက်နှာအစားထိုးခွဲစိတ်ကုသမှု ခံယူပြီး ဧပြီ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နေထိုင်ပုံ အနည်းငယ်ပြောင်းလဲရုံမျှဖြင့် ကျန်းမာရေး ပိုမိုကောင်းမွန်စေနိုင်

လန်ဒန် ဧပြီ ၂၈

နေထိုင်ပုံအနည်းငယ် ပြုပြင်ပြောင်းလဲလိုက်ရုံဖြင့် သက်တမ်းပိုရှည်အောင် ထိရောက်သည့်အကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း သုတေသနတွေ့ရှိချက်အရ သိရသည်။

ကင်းဘရစ်ချ် တက္ကသိုလ်ပညာရှင်များက လူပေါင်း ၂၅၀၀၀ ကျော်ကို သုတေသနပြုလေ့လာရာမှ အထက်ပါအတိုင်း တွေ့ရှိခြင်းဖြစ်သည်။

တိုက်တွန်း

ဆေးလိပ်သောက်မှု အလေ့အကျင့်ကိုရပ်ဆိုင်း ကာယလေ့ကျင့်မှုကိုပြုလုပ်ပြီး အစားအသောက်ဆင်ခြင်ခြင်းဖြင့် လူတစ်ယောက်၏ သက်တမ်းကို ၁၁ နှစ်မှ ၁၂ နှစ်အထိ ပိုမိုရှည်နိုင်ကြောင်း တွေ့ရသည်။ ယင်းသုတေသနတွေ့ရှိချက်ကို ဗြိတိန်အစိုးရကထောက်ခံပြီး ပြည်သူတို့၏ ကျန်းမာရေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ထိုအစီအစဉ်အတိုင်း ကျင့်ကြံကြရန် နှိုးဆော်တိုက်တွန်းလိုက်သည်။

ဗြိတိန်သုတေသီများက ၁၉၉၃ ခုနှစ်မှစ၍ အသက်(၄၅)နှစ်နှင့် (၇၉) နှစ်အကြား အမျိုးသား၊ အမျိုးသမီးပေါင်း ၂၅၆၆၃ ဦးကို သုတေသနပြုခဲ့သည်။

ပိုရှည်

နေ့စဉ် အသီးအရွက်များများ စားသူသည် အသက်သုံးနှစ် ပိုရှည်ကြောင်း၊ ဆေးလိပ်မသောက်ခြင်းဖြင့် အသက်လေးနှစ်မှ ငါးနှစ် အထိ ပိုရှည်ကြောင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းယူခြင်းဖြင့် အသက်သုံးနှစ် ပိုရှည်ကြောင်း တွေ့ရသည်။

သို့သော် ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုမှာ အလုပ်အကိုင်သဘာဝပေါ် မူတည်ပြီး လေ့ကျင့်ရသည်ဆို၍။ ရုံးအလုပ်သမားတစ်ဦးအနေဖြင့် နေ့စဉ် ရေကူးခြင်း၊ သို့မဟုတ် ဖြည်းဖြည်းမှန်မှန် ပြေးခြင်းကဲ့သို့သော လေ့ကျင့်ခန်းကို တစ်နာရီခန့် ပြုလုပ်သင့်ပြီး၊ ဆံပင်ညှပ်သမားကဲ့သို့သော အတန်အသင့်တက်ကြွသည့်အလုပ်ကို လုပ်ကိုင်သူများအနေဖြင့် တစ်နေ့လျှင် နာရီဝက်ခန့်သာ လေ့ကျင့်ခန်းပြုလုပ်သင့်သည်။ သူနာပြုနှင့် ပန်းရန်သမားကဲ့သို့သော တက်ကြွသည့်အလုပ်ကို လုပ်သူများအနေဖြင့် အပိုလေ့ကျင့်ခန်းပြုလုပ်ရန် မလိုဟုဆိုသည်။

လူအများစုအဖို့ နေပုံထိုင်ပုံ ပြုပြင်ပြောင်းလဲပစ်ရန် ခက်ခဲကောင်း ခက်ခဲပေမည်။ သို့သော် အနည်းငယ် ပြုပြင်လိုက်ရုံဖြင့် ကျန်းမာရေးအတွက် ထိရောက်သော အကျိုးသက်ရောက်မှုများ ရရှိခံစားနိုင်မည်ဖြစ်၍ အာရုံစိုက်လိုက်နာဆောင်ရွက်သင့်ကြောင်း ပါမောက္ခကေတီက တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

တန်ဇန်းနီးယား၌ မော်တော်ယာဉ်၈၉စီးဖမ်းမိ

ဒါအက်ဆလမ် ဧပြီ ၂၈

တန်ဇန်းနီးယားရဲတပ်ဖွဲ့က ကင်ညာနှင့်ယူဂန်ဒာ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလျက် နယ်စပ်ဖြတ်ကျော်မှုခင်းများပူးပေါင်းတိုက်ဖျက်စဉ်အတွင်း ခိုးလာသော မော်တော်ယာဉ် ၈၉စီးကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အရှေ့အာဖရိက သုံးနိုင်ငံမှ ရဲတပ်ဖွဲ့ အကြီးအကဲများသည် ပူးတွဲဆွေးနွေးပွဲတစ်ရပ် ကျင်းပစဉ်အတွင်း အထက်ပါအတိုင်း မော်တော်ယာဉ်များကို ဖမ်းဆီးလိုက်ကြောင်း ထုတ်ဖော် ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံ၌ သစ်ပင်များထိန်းသိမ်းရေး လုပ်ငန်းအားနည်းလျက်ရှိ

လန်ဒန် ဧပြီ ၂၈

ဗြိတိန်နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွင်း ပေါက်ရောက်သည့် သစ်ပင်များထိန်းသိမ်းရေး အားနည်းလျက်ရှိပြီး အဓိကရည်မှန်းချက် အချို့ကိုပြည့်မီရန် များစွာအလှမ်းကွာဝေးလျက်ပင် ရှိသေးသည်။

ဤသည်မှာ ကူးရှိတော်ဝင် ရုက္ခဗေဒဥယျာဉ်၌ ကျင်းပမည့် ထိပ်သီးအစည်း အဝေးမတိုင်မီတွင် သက်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအုပ်စုများ၏ သတိပေးချက်ဖြစ်သည်။

ဝေဖန်ပြောကြား

ကုလသမဂ္ဂဒေသခံသစ်ပင်များ ထိန်းသိမ်းရေးဆိုင်ရာ ဇီဝအမျိုးအစားကွန်ဗင်းရှင်းအရ သစ်ပင်များထိန်းသိမ်းကာကွယ်ရေး အဓိကရည်မှန်းချက်များ ပေါက်မြောက်စေရန် ဗြိတိန်နိုင်ငံအနေဖြင့် လမ်းခရီး၏သုံးပုံတစ်ပုံသာရောက် ရှိသေးကြောင်း အဆိုပါအုပ်စုများက ဝေဖန်ပြောကြားသည်။

ကမ္ဘာပေါ်ရှိ သက်ရှိအမျိုးအစားများ၏ အနာဂတ်ရေးမှာ မှားယွင်းသောဘက်သို့ ဦးတည်နေကြောင်း ပြသနေသည်ဟူ၍ ကုလသမဂ္ဂ အစီရင်ခံစာတစ်စောင်တွင် လွန်ခဲ့သည့်လက ဖော်ပြထားသည်။

သစ်ခွမျိုးစိတ်တစ်ခုကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေညာ

မျိုးစိတ်များကွယ်ဝမှုလျော့ပါးလာခြင်းကို ၂၀၁၀ ပြည့်နှစ်တွင် နှေးကွေးသွားအောင်ဆောင်ရွက်ရေး နိုင်ငံတကာလက်ခံသည့် ရည်မှန်းချက်အောင်မြင်ရန် မကြုံစဖူးထူးကဲစွာ ကြိုးပမ်းဖို့လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ဇီဝအမျိုးအစားအမြင်(ဂျီဘီအို)အဖွဲ့က ကြေညာသည်။

ဗြိတိန်နိုင်ငံ၏ သစ်ပင်များနှင့်ပတ်သက်၍ အလားအလာမေးမှိန်ကြောင်း သဘာဝထိန်းသိမ်းရေး အုပ်စုများက ရှုမြင်သုံးသပ်သည်။

ဗြိတိန်နိုင်ငံမှ သစ်ပင်များမှာ ရာသီဥတုပြောင်းလဲမှု၊နိုက်ထရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်မှုကြောင့် လေထုညစ်ညမ်းမှုနှင့် မျိုးစိတ်အန္တရာယ်တို့ကြောင့် ထိခိုက်ပျက်စီးရသည်ကို တွေ့ရကြောင်း အခြားသောအစီရင်ခံစာ တစ်စောင်ထွက်ပြီး ရက်ပိုင်းအတွင်းတွင် အထက်ပါအတိုင်း သုံးသပ်ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

အီရန်နိုင်ငံအား အမေရိကန်တို့တိုက်ခိုက်လာလျှင် ကမ္ဘာ့နေရာအနှံ့၌ ကန်တို့ဒုက္ခနှင့်ကြုံရမည်ဟုဆို

တီဟီရန် ဧပြီ ၂၈

အီရန်နျူကလီးယား ပိတ်ပင်တားဆီးမှုကိုဖြေရှင်းရန် သံခင်းတမန်ခင်းအရ ဖြေရှင်း၍မအောင်မြင်ခဲ့လျှင် နည်းလမ်းတစ်ရပ်ကို ရွေးရလိမ့်မည်ဟု ဝါရှင်တန်က ဆိုထားရာဝယ် အမေရိကန်အနေဖြင့် တိုက်ခိုက်မှုပြုလာခဲ့သော် ကမ္ဘာ့မည်သည့်နေရာမဆို အမေရိကန်တို့ ဘေးဒုက္ခကြုံတွေ့ရလိမ့်မည် ဖြစ်ကြောင်း အီရန်နိုင်ငံက ဧပြီ ၂၆ရက်၌ ပြောကြားလိုက်သည်။

ပြောကြား

ယူရေနီယံသန့်စင်ခြင်းကို ရပ်တန့်ရန် ကုလသမဂ္ဂပေါ် တောင်းဆိုချက်နှင့်စပ်လျဉ်း၍ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်ချက်များ မထုတ်ပြန်မီနှစ်ရက်အလိုတွင် အီရန်ဘာသာရေးခေါင်းဆောင်အယာတိုလာအလီခါမေနီက အထက်ပါအတိုင်း မှတ်ချက်ပြု၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံက ယူရေနီယံသန့်စင်ခြင်းကိုရပ်တန့်လိမ့်မည်မဟုတ်ကြောင်း၊ စွမ်းအင်လိုအပ်ချက်အရ ၎င်းကိုထုတ်လုပ်ခြင်းဖြစ်ကြောင်း အမေရိကန်တို့ထင်ထားသလိုအဏုမြူဗုံးများ ထုတ်လုပ်ရန်မဟုတ်ကြောင်းဖြင့်လည်း တီဟီရန်က ဆိုထားသည်။

ရင်ဆိုင်ရမည်

အီရန်နိုင်ငံအား ယင်းကိစ္စနှင့်ပတ်သက်ပြီးတိုက်ခိုက်လာလျှင် ကမ္ဘာ့မည်သည့်နေရာမဆို အမေရိကန်တို့ ဘေးဒုက္ခနှင့်ရင်ဆိုင်ရမည်ကို အမေရိကန်တို့သိထားသင့်ကြောင်း ခါမေနီ၏ပြောကြားချက်ကို နိုင်ငံပိုင်ရုပ်မြင်သံကြားက ကြိုးကားဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်စီပြည်နယ် တိုင်ယွမ်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ လောင်းမတ်၄-ဘီ ဒုံးပျံဖြင့် ဂြိုဟ်တုတစ်စင်း လွှတ်တင်လိုက်သည်ကို ဧပြီ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အယ်လ်ဘေးနီးယားရှိ ကန်သံရုံး ဗုံးဖြင့် ခြိမ်းခြောက်ခံရ

တီရာနာ ဧပြီ ၂၈

အယ်လ်ဘေးနီးယားမြို့တော် တီရာနာရှိ အမေရိကန်သံရုံးသည် ဧပြီ ၂၅ ရက်က ဗုံးတစ်လုံးဖြင့် ခြိမ်းခြောက်ခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သတင်း ကြားသိရလျှင် ကြားသိရချင်း ရဲတပ်ဖွဲ့က အဆိုပါသံရုံးအတွင်း ဝင်ရောက်ရှာဖွေရာ ပေါက်ကွဲစေနိုင်သော ဗုံးမဟုတ်ဘဲ ဗုံးအတုဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အစ္စရေးနိုင်ငံ ဘစ်ဒဂုံမြို့ရှိတိရစ္ဆာန်ဆေးကုသရေး ဌာနတွင် အဆုတ်ရောဂါခံစား နေရသည့် ပင်လယ်လိပ် တစ်ကောင်အား ဓာတ်မှန်ရိုက်နေသည်ကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဧည့်ဝတီသာသနာပြုကျောင်းတိုက် ဓမ္မာရုံကျောင်းဆောင်သစ် ရေစက်ချမင်္ဂလာကျင်းပမည်

ရန်ကုန် မေ ၂၈

ဧည့်ဝတီသာသနာပြုကျောင်းတိုက်၌ ကိန်းဝပ်စံပါယ်တော်မူမည့် မဟာမုနိရုပ်ပွားတော်မြတ် ဘုရားအနေကဇာတင်နှင့် နှစ်ထပ်ဓမ္မာရုံကျောင်းဆောင်သစ်ရေစက်ချ မင်္ဂလာအခမ်းအနားကို မေ ၁ရက် (ကဆုန်လပြည့်) နံနက် ၇နာရီခွဲတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အလှူရှင်များတက်ရောက်၍ ကုသိုလ်ကောင်းမှုပြုနိုင်ကြပြီး အမျှပေးဝေ သာဓုခေါ်ယူနိုင်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။

(သတင်းစဉ်)

တောင်သာမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းမည်

ရန်ကုန် မေ ၂၈

တောင်သာမြို့နယ် အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်း ပွဲကို မေ ၃၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။ တောင်သာမြို့နယ်သူ၊ မြို့နယ်သားများအပြင် မြို့နယ် အသင်းကို စိတ်ဝင်စားကြသူတိုင်း (အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများပါ) မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ကြလိုသူ စေတနာရှင်များသည် ဦးသန်းအောင် ဖုန်း-၂၉၀၉၁၅နှင့် ဦးလှမော် ဖုန်း-၂၀၀၈၂၆ တို့သို့ ဆက်သွယ် ဂုဏ်ပြုနိုင်ကြကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ၂၃ဦး၊ ဂုဏ်ထူးပေါင်း ၇၅ခု ရရှိကြောင်းသိရသည်။

(က-ပ)

အဂ္ဂမဟာပဏ္ဍိတ-ဂုဏာဝိသိဋ္ဌပူဇာ ဆင်ယင်ကျင်းပမည်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်း တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် အရိမဒ္ဒနာရာမ (ကသစ်ကုန်း) ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဘဒ္ဒန္တစန္ဒောဘာသ မဟာထေရ်မြတ်ကြီးအား နိုင်ငံတော်မှ ဇန်နဝါရီ၄ ရက်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

မဟာထေရ်မြတ်ကြီး၏ တပည့် ဒါယကာ-ဒါယိကာမအပေါင်းတို့က အဂ္ဂမဟာပဏ္ဍိတ-ဂုဏာဝိသိဋ္ဌပူဇာပွဲ အခမ်းအနားကို ၁၃၆၈ ခုနှစ် ကဆုန်လဆန်း ၄ရက်၊ မေ ၃၀ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ-ဒါယိကာမအားလုံး သစ်ကုန်းကျောင်းတိုက် ဓမ္မဗိမာန်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၄-၂၀၀၆ရက်(စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဉတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၀၅	၆။	ကချင်ပြည်နယ်မိုးကောင်းတံတား
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Grammar Made Easy
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၅၀	၆။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ 'Doraemon'
၁၃:၀၅	၇။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၃:၁၅	၈။	**"သစ်ကောင်းတစ်ပင်"** နဒီစိုး၊ ပြည့်စုံရှင်၊ ကျော်မျိုးဟိန်း၊ မိုးယံထက်၊ ရန်ပိုင်စိုး၊ မောင်ဂဠုန် (ဒါရိုက်တာ-မိုးထက်လူ-သစ်တော)
၁၃:၃၀	၉။	အဆိုပြိုင်ပွဲ
၁၃:၄၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၃:၅၅	၁၁။	ပိုင်ကျုံရေထိန်းတံခါး
၁၄:၀၅	၁၂။	အကပြိုင်ပွဲ
၁၄:၁၅	၁၃။	**"အန္တရာယ်ကင်းစေဘေးရှင်းစေ"** လူမင်း၊ ဟန်နီထွန်း (ဒါရိုက်တာ-သက်တင်)
၁၄:၃၀	၁၄။	ရန်ကုန်-ကျောက်ဖြူလမ်းမကြီးဖွင့်ပွဲ (အပိုင်း-၁)
၁၄:၄၅	၁၅။	INternational News
၁၅:၀၀	၁၆။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၀	၄။	တေးဂီတအစီအစဉ်
၁၆:၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
၁၇:၀၅	၆။	နားဝင်ပီယံသူ့လက်သံ
၁၇:၁၀	၇။	အကပြိုင်ပွဲ
၁၇:၂၀	၈။	တေးဂီတအစီအစဉ်
၁၇:၃၅	၉။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	Discovery
၁၈:၅၀	၁၃။	တေးဂီတအစီအစဉ်
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကောင်းခြင်းအိပ်မက်"** (အပိုင်း-၉)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်မိပြီဆိုရင်"** (အပိုင်း-၃၉)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ဦးနှောက်အတွင်းသွေးခဲမှု စိတ်ရောဂါဖြစ်စေခြင်းနှင့် ဆက်စပ်

ဦးနှောက်အတွင်းသွေးခဲခြင်းသည် စိတ်ဖောက်ပြန်မှုရောဂါ စွန့်စားခြင်းမှ တိုးလာသည့် လက္ခဏာတစ်ရပ်တွေ့ရှိပါကြောင်း သိပ္ပံပညာရှင်များက အကြံပြုတင်ပြထားသည်။

ဦးနှောက် သွေးခဲခြင်းသည် အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားနေသူများ သို့မဟုတ်အခြားဦးနှောက်ထိခိုက်ခံရသူများတွင် ဖြစ်တတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ လေ့လာအကြံပြုချက်ကို မန်ချက်စတာတက္ကသိုလ်မှ သုတေသနအဖွဲ့ တစ်ဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စိတ်ဖောက်ပြန်မှု ရောဂါလက္ခဏာများ စောစီးစွာသတိပေးရန်အတွက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သုတေသန ပညာရှင်များက ဦးနှောက်အတွင်းသွေးခဲသူလူနာ ၁၇၀ အားလေ့လာခဲ့ရာ ယင်းနောက်မှာ အယ်လ်ဇိုင်းမားရောဂါရှိသူ ရှစ်ဦးနှင့် စိတ်ဖောက်ပြန်သူ ၈၅ဦးတို့အား သက်တူရွယ်တူ အခြေအနေတွင် နှိုင်းယှဉ်လေ့လာခဲ့ရာမှ သိရခြင်းဖြစ်သည်ဟုဆိုသည်။

အယ်လ်ဇိုင်းမားရောဂါရှိသူ ၃၂ ဦးနှင့် စိတ်ဖောက်ပြန်မှုရောဂါ ဖြစ်ပွားသူ ၃၁ဦးတို့မှာ အခြားသောလူနာများ မွေးခဲ့ခြင်းထက်ပိုကာ စိတ်ရောဂါကို ပိုမို၍ ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

(ကိုးကား-အင်တာနက်)



ဝမ်းဖောဝမ်းရောင်မဖြစ်သော ပဲများ ဗင်နီဇွဲလားသိပ္ပံပညာရှင်များ ပြုလုပ်နိုင်

ဝမ်းဖောဝမ်းရောင်မဖြစ်ဘဲ အာဟာရပြည့်ဝသော ပဲများ **(အပေါ်ပုံ)**ကို ဗင်နီဇွဲလားသိပ္ပံပညာရှင်များက အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ပဲသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဈေးပေါပြီး အာဟာရပြည့်ဝသည့် အစားအစာဖြစ်သည်။ သို့ရာတွင် လူအများက ဆိုးကျိုးဖြစ်စေသည်ဟု ယူဆထားကြသည်။

လျှော့ချ

ပဲများကို ဗက်တီးရီးယားနှင့်အတူ အချဉ်ဖောက်ထားသဖြင့် လေပွခြင်းကို လျှော့ချကာ အာဟာရတန်ဖိုးကို တက်စေနိုင်ကြောင်း ဗင်နီဇွဲလား သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ တွေ့ရှိချက်ကို အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာ သိပ္ပံဂျာနယ်တစ်စောင်က ဖော်ပြခဲ့သည်။

အူမကြီးအတွင်းရှိ ဗက်တီးရီးယားပိုးကြောင့် အစာမကြေဖြစ်ကာ ဝမ်းဖောဝမ်းရောင်ဖြစ်ရခြင်းဖြစ်ကြောင်း အဆိုပါသိပ္ပံပညာရှင်များကပြောကြားသည်။

ဒြပ်ပေါင်း

အမေရိကန်အလယ်ပိုင်းနှင့်တောင်ပိုင်းတွင် တွေ့ရသော အနက်ရောင်ပဲများသည် အာဟာပြည့်ဝသော ဒြပ်ပေါင်းများ ပါဝင်သည်ဟု ဆိုသည်။

သဘာဝ အချဉ်ဖောက်ခြင်းတွင် လက်တိုဘတ်ဆဲလ်လပ်ကာဆိုင်းဟုခေါ်သောဗက်တီးရီးယားအမျိုးအစားကိုထည့်၍အချဉ်ဖောက်ခြင်းဖြင့် မကြေချက်နိုင်သော ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်းကို လျှော့ချနိုင်သည်ဟုဆိုသည်။

အဆိုပါနည်းဖြင့် အချဉ်ဖောက်ထားသောပဲများသည်ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်းကို လျှော့ချကာ အာဟာရတန်ဖိုးကို တိုးစေကြောင်း ယင်းသိပ္ပံပညာရှင်အဖွဲ့က တင်ပြထားသည်။

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂင်းနက်စ် မှတ်တမ်းဝင် အသေးငယ်ဆုံးကားလေး

ရေဒီယိုဖြင့် ထိန်းကျောင်းမောင်းနှင်နိုင်သော အသေးငယ်ဆုံး ကားတစ်စီးကို တွေ့ရစဉ်။ (အောက်ပုံ)

ဂင်းနက်စ်မှတ်တမ်းအဖွဲ့မှ မေ၁၉ရက်ကထုတ်ပြန်ခဲ့သည့် ဂျပန်နိုင်ငံ အီလက်ထရွန်နစ်ကုမ္ပဏီမှ ထုတ်လုပ်သည့် ကမ္ဘာ့အသေးငယ်ဆုံး ရေဒီယိုဖြင့် ထိန်းကျောင်းမောင်းနှင်နိုင်သော ကားတစ်စီးကို တွေ့ရခြင်းဖြစ်သည်။ ယင်းကားလေးသည် အရှည် ၂၅ မီလီမီတာသာရှိပြီး ဇိမ်ခံကားပုံစံ ထုတ်လုပ်ထားခြင်းဖြစ်သည်။

(အင်တာနက်)



ကြီးမားသော နဂါးစွန်

ကြီးမားသော ရှုကျို့နဂါးစွန်ကြီးကို ကောင်းကင်တွင် လွှတ်တင်ထားသည်ကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် ရှုကျို့ဒေသတွင် ကျင်းပသည့် ပထမအကြိမ် ရှုကျို့နိုင်ငံတကာစွန်လွှတ်ပွဲတော်၌ ပွဲတော်အထိမ်းအမှတ်အဖြစ် နဂါးရုပ်ဖြင့် ပုံဖော်ပြုလုပ်ထားသည့် ကြီးမားသော ရှုကျို့နဂါးစွန်ကြီးကို ကောင်းကင်တွင် လွှတ်တင်ထားခဲ့သည်။

(အင်တာနက်)

❐ ရှေ့ဖုံးမှ

ရှေးဦးစွာ ဧပြီ ၂၉ ရက်တွင် ဆွေးနွေးဟောပြောမည့် ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးဝင်းထိန်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးဝင်းထိန်ဝင်းသည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး Gusto Software Development & Training Centre မှ ဒါရိုက်တာတစ်ဦးလည်းဖြစ်သည်။ ဦးဝင်းထိန်ဝင်းက ပြောကြားရာတွင်"မိမိအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲ၌ 'Smart Client Application' ခေါင်းစဉ်ဖြင့် ဆွေးနွေးသွားမှာဖြစ်ပြီး ယနေ့ မြန်မာနိုင်ငံတွင် Programmers တွေ ရေးနေသည့် Saftware Application တွေကို ယေဘုယျအားဖြင့် အဓိက အုပ်စုနှစ်ခုခွဲ၍ရကြောင်း၊ Thick Client လို့ခေါ်သည့် Window Application အမျိုးအစားနှင့် Thin Client လို့ခေါ်သည့် Web Application အမျိုးအစားတို့ဖြစ်ကြောင်း၊ အဲဒီ အမျိုးအစားနှစ်ခုစလုံးမှာ အားသာချက်၊ အားနည်းချက်များရှိကြောင်း၊ ပြီးခဲ့တဲ့ နှစ်ပိုင်းလောက်ကစပြီး Microsoft မှ အဲဒီ Thick Client နှင့် Thin Client တွေရဲ့

၂၀၀၅ Dotnet ကို အသုံးပြုခြင်းအားဖြင့် ကွန်ပျူတာများတွင် Languace အပိုင်းပိုကောင်းလာ။
ဒေါ်ကေသွယ်စိုး
MIT မှ Assistant Project Manager
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အားနည်းချက်တွေကိုဖယ်ရှားပြီး အားသာချက်တွေအားလုံးစုကာ ပိုပြီးကောင်းမွန်တဲ့ Application Architecture(ပုံစံတစ်ခု)ကို ဖော်ထုတ်ခဲ့ပါကြောင်း၊ အဲဒီ Application အမျိုးအစားကို Smart Client လို့ အမည်ပေးထားပါကြောင်း၊ အဲဒီ Smart Client အကြောင်းကိုဆွေးနွေးပြောကြားသွားမှာ ဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

Smart Client ဆွေးနွေးပွဲကို တက်ရောက်ခြင်းဖြင့် ကွန်ပျူတာလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုမည့်သူများအား အကျိုးကျေးဇူးရရှိစေမည်ဖြစ်ပြီး Smart Client နည်းပညာကို အသုံးချပြီး ဘယ်လိုဆော့ဖ်ဝဲလ်ရေးရမည်ဆိုသည်ကို နားလည်သိရှိသွားစေမည်ဖြစ်သည်။ ထို့အပြင် အားသာချက်၊ အားနည်းချက်များကိုလည်း ရှင်းလင်းပြောကြားမည်ဖြစ်သဖြင့် Smart Client နှင့် ပတ်သက်ပြီး အပြည့်အဝနားလည်သွားစေမည်ဖြစ်သည်။

ဧပြီ ၂၉ ရက်တွင် ဆွေးနွေးမည့် ကွန်ပျူတာပညာရှင် နောက်တစ်ဦးမှာ ဒေါ်ကေသွယ်စိုးဖြစ်ပြီး MIT မှ Assistant Projet Manager တစ်ဦးဖြစ်သည်။ ဆွေးနွေးမည့်အကြောင်းအရာမှာ Windows Applications ကို Microsoft Visual Studio

ပြီးခဲ့တဲ့ နှစ်ပိုင်းလောက်ကစပြီး Microsoft မှ Thick Client နှင့် Thin Client များ၏ အားနည်းချက်များကို ဖယ်ရှားပြီး အားသာချက်များအားလုံးစုကာ ပိုပြီး ကောင်းမွန်တဲ့ Applicatiom Architecture (ပုံစံတစ်ခု)ကို ဖော်ထုတ်ခဲ့။
ဦးဝင်းထိန်ဝင်း
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များ အလုပ်အမှုဆောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

2005 အသုံးပြုပြီးရေးသားပုံ ရေးသားနည်းဖြစ်သည်။

ဒေါ်ကေသွယ်စိုးက ပြောကြားရာတွင် "မြန်မာနိုင်ငံရှိ Microsoft စာမေးပွဲဖြေထားပြီးသား လူငယ်တွေ၊ အောင်မြင်ပြီး လူငယ်တွေနဲ့ Dotnet Languace ကို ရေးနေတဲ့ Diveloper တွေအတွက် ပိုပြီးသုံးရတာလွယ်ကူတဲ့ ပိုပြီးကောင်းမွန်တဲ့ ၂၀၀၅ Dotnet အသုံးပြုမှုအပိုင်းကို ဆွေးနွေးသွားမှာဖြစ်ကြောင်း" ပြောကြားသည်။

ဆက်လက်၍ "၂၀၀၅ Dotnet ကို အသုံးပြုခြင်းအားပြင့် ကွန်ပျူတာများတွင် Languace အပိုင်းပိုကောင်းလာကြောင်း၊ Framework ပိုကောင်းလာဖို့အတွက် ၂၀၀၅ Dotnet ကို အသုံးပြုခြင်းအားဖြင့် အကျိုးရှိပုံတွေကို ဆွေးနွေးမည်ဖြစ်ကြောင်း"ပြောကြားသွားသည်။

အိုင်တီနည်းပညာများ အချိန်နှင့်အမျှ တိုးတက်လျက်ရှိရာ နောက်ဆုံးပေါ် အိုင်တီနည်းပညာရပ်များကို သိရှိပြီး အသုံးချနိုင်ပါက လုပ်ငန်းလျင်မြန်လာပြီး အကျိုးဖြစ်ထွန်းမှု ပိုမိုများပြားလာမည်ဖြစ်ရာ လက်တွေ့နယ်ပယ်၌ အကျိုးရှိစေမည့် ဆွေးနွေးမှုများပင်ဖြစ်သည်။

အင်တာနက်ပေါ်မှာ Dotnet သုံးလျှင် ဘယ်လိုအချက်များနှင့် ဘယ်လိုသုံး၍ရသည်ကို ဆွေးနွေးသွားမည်ဖြစ်။
ဒေါ်လှဲ့မွန်ဝင်း
MIT မှ Project Manager
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဧပြီ ၃၀ ရက်တွင် ဆွေးနွေးမည့်သူမှာ ဒေါ်လှဲ့မွန်ဝင်းဖြစ်သည်။ ဒေါ်လှဲ့မွန်ဝင်းမှာ MIT မှ Project Manager တစ်ဦးဖြစ်ပြီး စုစုပေါင်းဆွေးနွေးပွဲ နှစ်ကြိမ်ပါဝင်ဆွေးနွေးခဲ့သူတစ်ဦးလည်းဖြစ်သည်။

ဒေါ်လှဲ့မွန်ဝင်းက ပြောကြားရာတွင်"မိမိအနေဖြင့် ယခုအလုပ်ရုံဆွေးနွေးပွဲ၌ Web Application ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ပြီး အင်တာနက်ပေါ်၌ ထုတ်လွှင့်နိုင်သော Application များကို ရေးသားရာတွင် Dotnet ကိုသုံးလျှင် အကျိုးကျေးဇူးများပုံ၊ ပိုမိုကောင်းမွန်ပုံတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အင်တာနက်ပေါ်မှာ Dotnet သုံးလျှင် ဘယ်လိုအချက်တွေနဲ့ ဘယ်လိုသုံး၍ရသည်ကိုဆွေးနွေးသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုမှု တဖြည်းဖြည်းများပြားလာလျက် ရှိရာ အင်တာနက်သုံးစွဲရာတွင် နောက်ဆုံးပေါ် အိုင်တီနည်းပညာရပ်များကို မသိမဖြစ်သိရှိရမည်ဖြစ်ရာ ၎င်းနည်းပညာရပ်များ၏ အားသာချက် အားနည်းချက်ကိုပါ သိရှိခြင်းဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးဖြစ်ထွန်းမှု ပိုမိုများပြားမည်ဖြစ်ရာ အိုင်တီနည်းပညာ လေ့လာလိုက်စားသည့် လူငယ်များအနေဖြင့် တက်ရောက်လေ့လာ ဆည်းပူးသင့်သည့် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ဖြစ်ပါကြောင်း သတင်းစကားပါးရပါသည်။ ။ **(မြန်မာ့အလင်း)**

OSS သုံးခြင်းဖြင့် ကွန်ပျူတာနည်းပညာနှင့် အသိဉာဏ်တိုးတက်နိုင် အင်တာနက်နှင့်ပတ်သက်၍ တစ်ချိန်တည်းသိရှိသွားနိုင်မည်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်နိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာများဖွံ့ဖြိုးစေရန်နှင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် နောက်ဆုံးပေါ် အိုင်တီနည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီသိရှိစေရန်၊ သိရှိပြီးသော အိုင်တီ နည်းပညာရပ်များဖြင့် လက်တွေ့နယ်ပယ်တွင် ကျွမ်းကျင်စွာ အသုံးချတတ်ရန် ရည်ရွယ်ပြီး အိုင်တီနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆နှင့်အတူ တစ်ပြိုင်တည်း ပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပရာတွင် ပဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၆ ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိပြီး အိုင်တီနည်းပညာနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ဟောပြောပွဲများကို Myanmar info-Tech ၌ ကျင်းပနေပြီဖြစ်သည်။

မိမိအနေဖြင့် လူတိုင်းအတွက် အင်တာနက်အကြောင်းကို ဆွေးနွေးပြောကြားမည်။
ဦးရဲထွန်းအောင်
ကွန်ပျူတာပညာရှင်များ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

OSS များအသုံးပြုခြင်းဖြင့် ကွန်ပျူတာ နည်းပညာရပ်များနှင့် အသိဉာဏ်ပညာများ မည်သို့ တိုးတက်လာနိုင်သည်ကို ရှင်းလင်း တင်ပြသွားမည်။
ဦးမောင်မောင်သန့်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များ အလုပ်အမှုဆောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

Myanmar info-Tech ၌ မေ ၄ ရက်အထိကျင်းပမည့် အိုင်တီနည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဟောပြောပွဲများတွင် ဆွေးနွေးဟောပြောမည့် ကွန်ပျူတာပညာရှင်များနှင့် မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေ ၂ ရက်တွင် ဆွေးနွေးမည့် ကွန်ပျူတာပညာရှင် ဦးဝေလင်းကျော်နှင့်တွေ့ဆုံမေးမြန်းရာတွင်"ကွန်ပျူတာနည်းပညာရပ်နဲ့ပတ်သက်ပြီးဟောပြောပွဲများ အကြိမ်များစွာပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ Open Source Software ၏"A Study on Linux" ခေါင်းစဉ်ဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ Open Source ၏ Linux 05 စနစ်အကြောင်းကို ဆွေးနွေးမည်ဖြစ်ရာ ၎င်းစနစ်၏လွယ်သည့်အပိုင်း၊ ခက်ခဲသည့်အပိုင်းများကို ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း၊ ခက်ခဲသည့်အပိုင်းများကိုမည်သို့ကျော်လွှားမည်၊ မည်သို့လေ့လာလျှင် အဆင်ပြေသွားမည်များကိုလည်း ရှင်းပြသွားမည်ဖြစ်ကြောင်း"ပြောကြားသည်။

ထို့အပြင် အခမဲ့ လွတ်လွတ်လပ်လပ် ပြင်ဆင်သုံးစွဲရနိုင်ပုံ၊ မည်သို့သုံးစွဲရနိုင်ပုံများကိုလည်း ဆွေးနွေးပြောကြားသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ကွန်ပျူတာပညာရှင်များက ပေးနိုင်သည့် နည်းလမ်းများသည် ကိုယ်ပိုင်လေ့လာလိုသူများကို ကောင်းစွာ ညွှန်ပြနိုင်ကြောင်း တွေ့ရှိရသည်။

ကွန်ပျူတာပညာရှင်များက ပေးနိုင်သည့် နည်းလမ်းများတွင် ကိုယ်ပိုင်လေ့လာလိုသူများကို ကောင်းစွာ ညွှန်ပြနိုင်။
ဦးဝေလင်းကျော်
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း အလုပ်အမှုဆောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မေ ၂ ရက်တွင် နောက်ထပ်ဆွေးနွေးမည့်သူမှာ ကွန်ပျူတာပညာရှင် ဦးနေလင်းသန်းဖြစ်သည်။ ဦးနေလင်းသန်းသည် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း၏ အလုပ်အမှုဆောင်တစ်ဦးဖြစ်ပြီး အိုင်တီနည်းပညာဆိုင်ရာဆွေးနွေးပွဲများကိုလည်း အကြိမ်တိုင်းပါဝင်ဆွေးနွေးဟောပြောနေသူတစ်ဦးဖြစ်သည်။

ဦးနေလင်းသန်းအနေဖြင့် ယခုဆွေးနွေးပွဲ၌"Embedded Track in oss"ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။ ဦးနေလင်းသန်းက ပြောကြားရာတွင်" မိမိအနေဖြင့် ကွန်ပျူတာတစ်ခုအတွင်းမှာ မဟုတ်ဘဲ လက်ကိုင်ဖုန်း၊ လက်ကိုင် ကွန်ပျူတာ၊ မိုက်ခရိုဝေ့ဖ်မီးဖို စသည့် အီလက်ထရွန်နစ်ပစ္စည်းများအတွင်း၌ အလုပ်လုပ်နိုင်တဲ့ နည်းပညာအကြောင်းကို ပြောကြားမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ကွန်ပျူတာနှင့်ဆက်စပ်ပြီး ပရိုဂရမ်များကို ရေးဆွဲပုံ ရေးဆွဲနည်း၊ သမားရိုးကျမဟုတ်ဘဲ အီလက်ထရွန်နစ်ပစ္စည်းတွေမှာ ဘယ်လိုသုံး၍ ရမည်ဆိုတာတွေကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း" ပြောကြားသွားရာ အိုင်တီနည်းပညာတိုးတက်မှုများက လူအသုံးအဆောင်ပစ္စည်းများ သုံးစွဲရာ၌ ပိုမိုထိရောက်စွာ သုံးစွဲနိုင်ပုံကို လက်တွေ့နားလည် သိရှိစေမည်ဖြစ်သည်။

တစ်ဖန် မေ ၃ ရက်တွင် ဆွေးနွေးဟောပြောမည့် ကွန်ပျူတာပညာရှင် ဦးမောင်မောင်သန့်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ ဦးမောင်မောင်သန့်သည် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင်တစ်ဦးဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင် ဆွေးနွေးနေသူလည်း ဖြစ်သည်။

ဦးမောင်မောင်သန့်က ပြောကြားရာတွင် "မိမိအနေဖြင့် ယခုဆွေးနွေးပွဲ၌ Open Source software ၏ "OSS and Intellectual Property Righs" အကြောင်းကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ Open Source software ဆိုသည်မှာ ကွန်ပျူတာနှင့် အီလက်ထရွန်နစ် ပစ္စည်းများတွင် အသုံးပြုနိုင်သော ဆော့ဖ်ဝဲလ်များဖြစ်ပြီး ပရိုဂရမ်များကို လွတ်လပ်လွယ်ကူစွာ လေ့လာကူးယူ ရေးသားပြင်ဆင် ဖြန့်ချိအသုံးပြုနိုင်ကြောင်း၊ လက်ရှိအသုံးပြုနေသော မိုက်ခရိုဆော့ဖ်ဝင်းဒိုးများနှင့် မတူသည့်အချက်မှာ ပရိုဂရမ်များမည်သို့ တီထွင်ရေးသားထားသည်ကို လွတ်လပ်စွာ ကူးယူလေ့လာနိုင်ခြင်း၊ ပိုမိုဆန်းသစ်တီထွင်နိုင်ခြင်း၊ ပရိုဂရမ်များကို အင်တာနက်မှတစ်ဆင့် ကျယ်ပြန့်စွာ ရယူနိုင်ခြင်းနှင့် စျေးနှုန်းသက်သာခြင်း စသည့် ထူးခြားချက်များနှင့် ပြည့်စုံကြောင်း" ပြောကြားသွားသည်။

ထို့အပြင် Open Source software(OSS)နှင့် မူပိုင်ခွင့် Copyrisht and Patents စသော အသိဉာဏ်ပစ္စည်းအခွင့်အရေးများ မည်သို့ ဆက်နွယ်မှုရှိပုံများကိုလည်း ဆွေးနွေးမည်ဖြစ်သလို OSS များ အသုံးပြုခြင်းဖြင့် ကွန်ပျူတာနည်းပညာရပ်များနှင့် အသိဉာဏ်ပညာများမည်သို့ တိုးတက်လာနိုင်သည်ကိုလည်း ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

ထို့အတူ မေ ၄ ရက်တွင် အိုင်တီနည်းပညာရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးဟောပြောမည့် ကွန်ပျူတာပညာရှင်ဦးရဲထွန်းအောင်နှင့် တွေ့ဆုံမေးမြန်းရာ ဦးရဲထွန်းအောင်က "မိမိအနေဖြင့် လူတိုင်းအတွက် အင်တာနက်အကြောင်းကို ဆွေးနွေးပြောကြားမည်ဖြစ်ပြီး သာမန်လူတိုင်း အင်တာနက်ဆိုတာ ဘာလဲ၊ ဘယ်လိုသုံးရသလဲ၊ လူတိုင်းနဲ့ သက်ဆိုင်လား၊ ဘယ်လိုသက်ဆိုင်နေသလဲ၊ အင်တာနက်သုံးခြင်းအားဖြင့် အကျိုးကျေးဇူးရှိသလား၊ အင်တာနက်ကို သင်ရတာလွယ်ကူရဲ့လားဆိုတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးသွားမှာဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ထို့အပြင် မည်သူမဆို၊ မည်သည့် အသက်အရွယ်မဆို အချိန်တိုအတွင်း အင်တာနက်နှင့် ပတ်သက်ပြီး သင်ယူတတ်မြောက်နိုင်ကြောင်း၊ အသက်သာဆုံးငွေကြေးဖြင့် အင်တာနက်သုံး၍ ရနိုင်ကြောင်းများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လေ့လာသူများအတွက် အိုင်တီနည်းပညာဆိုင်ရာ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို လည်းကောင်း၊ အင်တာနက်နှင့် ပတ်သက်သည့် သိသင့်သိထိုက်သည့် နည်းပညာများကိုလည်း တစ်ချိန်တည်း သိရှိသွားနိုင်မည်ဖြစ်ရာ လက်မလွတ်တမ်း တက်ရောက် လေ့လာသင့်သည့် ဆွေးနွေးပွဲများ ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

(မြန်မာ့အလင်း)

လက်ကိုင်ဖုန်း၊ လက်ကိုင်ကွန်ပျူတာ၊ မိုက်ခရိုဝေ့ဖ် မီးဖိုစသည့် အီလက်ထရွန်နစ်ပစ္စည်းများအတွင်း၌ အလုပ်လုပ်နိုင်တဲ့ နည်းပညာအကြောင်း ပြောကြားမည်။
ဦးနေလင်းသန်း
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း အလုပ်အမှုဆောင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ရက်သတ္တပတ် ၂၀၀၆ ဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များ၊ မြန်မာနိုင်ငံရှိ ITကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက BioMatricစနစ်သုံး၍ ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်း အချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ် ၂၀၀၆အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

နှစ်စဉ်ကျင်းပခဲ့

ယင်းနောက် မြန်မာနိုင်ငံအီလက်ထရွန်နစ်အမျိုးသားအသင်းလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ကအဖွင့်အမှာစကားပြောကြားရာတွင် ICT Park ထူထောင်ခြင်း အထိမ်းအမှတ်အဖြစ် ICT ပြပွဲ၊ ပြိုင်ပွဲ ဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့သည်မှ ယခုနှစ်ဆိုလျှင် ပဋ္ဌမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

အင်အားတစ်ရပ်

ယနေ့ကမ္ဘာကြီးသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ သတင်းအချက်အလက်များ ရယူဆက်သွယ်ရာတွင် အရှိန်အဟုန်ပြင်းစွာနှင့် တိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် ကမ္ဘာကြီးထဲတွင် သတင်းအချက်အလက်များကို လျင်မြန်စွာ ရယူဆက်သွယ်နိုင်ခြင်းသည် စွမ်းအားစု အရင်းအမြစ်များရှာဖွေဖော်ထုတ်ရာမှာလည်းကောင်း၊ လျင်မြန်စွာ ဆက်သွယ်နိုင်မှုများ ပေးနိုင်သော နည်းလမ်းများမှာလည်းကောင်း၊ ထုတ်လုပ်မှု လုပ်ငန်းစဉ်များ တိုးတက်ကောင်းမွန်စေရာမှာလည်းကောင်း အထောက်အကူ ပေးနိုင်ခြင်းကြောင့် ICT သည် နေ့စဉ်ဘဝလှုပ်ရှားမှုကို လွှမ်းမိုးထားပြီး အပြောင်းအလဲကို ဖြစ်စေနိုင်သည့် အင်အားတစ်ရပ်ဖြစ်လာပါကြောင်း။

နိုင်ငံတော်အစိုးရသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်လာစေရအောင် သန္နိဋ္ဌာန်ချဆောင်ရွက်ရာတွင် အစိုးရကဏ္ဍသာမက ပုဂ္ဂလိကကဏ္ဍမှ ကွန်ပျူတာ ပညာရှင်များ၊ ကွန်ပျူတာ လုပ်ငန်းရှင်များနှင့် နိုင်ငံရပ်ခြားမိတ်ဆွေများ၏ ပံ့ပိုးကူညီမှုများကြောင့် မကြာခင် နှစ်များအတွင်း အိုင်စီတီ နည်းပညာ လျင်မြန်စွာ တိုးတက်လာခဲ့သည်ကို ယနေ့တွေ့ရှိနိုင်မှာ ဖြစ်ပါကြောင်း။

ဖြစ်ထွန်းအောင်မြင်

ယနေ့ဆိုလျှင် နိုင်ငံတော်အစိုးရ၏အားပေးချီးမြှောက်မှု၊ ICT ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ တက်ကြွစွာ အားထုတ်မှုတို့ကြောင့် မြန်မာနိုင်ငံ၏ အိုင်စီတီ ဖွံ့ဖြိုးမှုဟာ ထင်ရှားသည့် သာဓကများနှင့် ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့မြင်ရမှာဖြစ်ပါကြောင်း။

အိုင်စီတီ တိုးတက်မှုကို စီမံကိန်းနှင့် စနစ်တကျ ဆောင်ရွက်ခဲ့ရာတွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေး ဥပဒေကို ၁၉၉၆ ခုနှစ်မှာ ပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေအရ မြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာ ဝါသနာရှင် အသင်းများကို ၁၉၉၈ ခုနှစ်တွင် ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

အရှိန်အဟုန်နှင့်တိုးတက်

ဆက်လက်ပြီး အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ၂၀၀၀ပြည့်နှစ်မှာ ဖွဲ့စည်းခဲ့ပြီး အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုနှင့် ပုဂ္ဂလိကကဏ္ဍကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်အသင်းများက စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ မြန်မာနိုင်ငံ အိုင်စီတီဖွံ့ဖြိုးမှုသည် လျင်မြန်ထိရောက်သည့် အရှိန်အဟုန်နှင့် တိုးတက်လာခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

သက္ကရာဇ် ၂၀၀၀-၂၀၀၅ နှစ်အတွက် ရေးဆွဲခဲ့သည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ စီမံကိန်းဆိုင်ရာ အခြေခံမှုများ (ICT Master Plan Framework) သည် အိုင်စီတီ ဖွံ့ဖြိုးမှု၏ ဦးတည်ချက်များကို စနစ်တကျ လမ်းညွှန်ပေးနိုင်ခဲ့ပြီး ယင်း ICT Park များသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပင်မစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအဖြစ်တင့်တယ်ထည်ဝါစွာ ပေါ်ထွန်းလာခဲ့ပြီဖြစ်ပါကြောင်း။

ဆက်လက်ပြီး ၂၀၀၆မှ၂၀၁၀ခုနှစ်အထိ Initiative For ASEAN Intergration (IAI)အစီအစဉ်အရ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီနှင့်မြန်မာနိုင်ငံသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ စီမံကိန်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်စီမံချက်များ (Myanmar ICT Development Master Plan/Action Plan)မူကြမ်းကိုရေးဆွဲပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

ကျေနပ်အားရ

ဆိုက်ဘာဥပဒေရေးဆွဲမှုအနေနှင့် e-Governmentနှင့် e-Commerce အတွက်များစွာအထောက်အကူဖြစ်စေမည့် အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (Electronic Transactions Law)ကို ၂၀၀၄ခုနှစ်ထဲတွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ဆိုက်ဘာဥပဒေများ၏ အစိတ်အပိုင်းများဖြစ်သည့် ဆက်သွယ်ရေးဥပဒေ (Telecommunications Law) နှင့်အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေးဥပဒေ (Intellectual Property Right IPR Law)တို့ကိုမူကြမ်းပြုစုပြီးစီးနေပြီဟုသိရှိရ၍ ကျေနပ်အားရစရာအဖြစ် အသိပေးပြောကြားလိုပါကြောင်း။

အိုင်စီတီစံနှုန်း သတ်မှတ်ရေးလုပ်ငန်းများက တစ်ခုဖြစ်သည့် ကွန်ပျူတာသုံးမြန်မာစာစနစ်ဆိုင်ရာစံများ သတ်မှတ်နိုင်ခဲ့ပြီး Unicode သုံးမြန်မာစာလုံးစနစ်တစ်ခုကို ကွန်ပျူတာပေါ်တွင် သုံးနိုင်အောင်လည်း တီထွင်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစံနှုန်းများအတိုင်း နယ်ပယ်အသီးသီးတွင် ကွန်ပျူတာသုံးစနစ်များကို မြန်မာဘာသာဖြင့် အပြန်အလှန်ချောမွေ့စွာဆက်သွယ်အသုံးချနိုင်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံးမှ မြန်မာစာတတ်မြောက်သူတိုင်း ကွန်ပျူတာကို အသုံးပြု၍ သတင်းအချက်အလက်များရယူအသုံးချလာနိုင်မှာဖြစ်သည့်အတွက် ဒစ်ဂျစ်တယ်ယဉ်ကျေးမှုပြန့်ပွားရေး၊ ဒစ်ဂျစ်တယ်ကွာဟချက်ပပျောက်စေရေးနှင့် သတင်းအချက်အလက် နည်းပညာကို အများပြည်သူအသုံးချနိုင်စွမ်းတိုးမြင့် လာစေရေးအတွက် ကြီးမားသည့် အခွင့်အလမ်းများပွင့်လန်းသွားစေမှာ ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

ကျယ်ကျယ်ပြန့်ပြန့်အသုံးပြု

ICTတိုးတက်ရေးကို အထောက်အကူပြုစေမည့် လူ့စွမ်းအားတိုးတက်ရေးကိုလည်း ပညာရေး နယ်ပယ်တွင် အိုင်စီတီနည်းပညာနှင့် အားဖြည့်ထောက်ကူပေးလျက်ရှိပါကြောင်း၊ အထက်တန်းအဆင့်ကျောင်းများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေပြီဖြစ်သည့် Multimedia စာသင်ခန်းများအီလက်ထရွန်နစ်ပညာရေးသင်ကြားမှု သင်တန်းဌာနများ၊ Data Broadcasting စနစ်နှင့် ပညာရေးသုံးအင်ထရာနက်များသည် ICT ကဏ္ဍ၏ထင်ရှားသည့်ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များပင်ဖြစ်ပါကြောင်း၊ အိုင်စီတီလူ့စွမ်းအားအရင်းအမြစ် တိုးတက်ရန်အတွက် ကွန်ပျူတာတက္ကသိုလ်နှစ်ခုနှင့်အစိုးရကွန်ပျူတာ ကောလိပ် ၂၄ခု ဖွင့်လှစ်သင်ကြားလျက် ရှိပါကြောင်း၊ အခြားတက္ကသိုလ်များမှာလည်း ကွန်ပျူတာဒီဂရီ သင်တန်းများပို့ချပေးနေပါကြောင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့်အသင်းများကလည်း အိုင်စီတီစွမ်းအားမြှင့်တင်ရန်နှင့်လူ့စွမ်းအား အရင်းအမြစ်တိုးတက်ရေးတို့အတွက် လုပ်ငန်းခွင်ပညာရပ်ဆိုင်ရာ သင်တန်းများ ပို့ချပေးနေပြီး နိုင်ငံအချင်းချင်း အသိအမှတ်ပြု (Cross Certification) စာမေးပွဲများကို ပုံမှန်ကျင်းပပေးလျက်ရှိပါကြောင်း။

ယခုအခါတွင် နိုင်ငံတော်ဘက်မှလည်း သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအသုံးချ၍ အစိုးရလုပ်ငန်းများဆောင်ရွက်မှုများ ပြုလုပ်နိုင်အောင် အစိုးရဝန်ကြီးဌာနများအားလုံးကို မြန်နှုန်းမြင့်ကွန်ရက်ဖြင့် ချိတ်ဆက်ပေးပြီးဖြစ်ပါကြောင်း၊ အစိုးရဌာနများ၏ ကွန်ပျူတာသုံးစီမံခန့်ခွဲရေးအခြေခံစနစ်များကို တည်ဆောက်ပြုစုလျက်ရှိပါသည်ဆိုသည်ကို အသိပေးပြောကြားလိုပါကြောင်း။

ရတနာပုံမြို့သစ်

ထို့အပြင် ကမ္ဘာ့အဆင့်အတန်းမီ Cyber City ဟု ခေါ်တွင်နိုင်မည့် ရတနာပုံမြို့သစ် Silicon Valley စီမံကိန်းတစ်ရပ် ချမှတ်ထားကြောင်း အသိပေးလိုပါကြောင်း၊ အဲဒီစီမံကိန်းမှာ ICT Industries ဖွံ့ဖြိုးတိုးတက်စေရန် ပြည်တွင်း/ပြည်ပမှ Software ထုတ်လုပ်သူများ အတွက် Production Block များ၊ Hardware ထုတ်လုပ်သူများအတွက် Production Block များ၊ နိုင်ငံတကာနှင့် နည်းပညာ ဖလှယ်နိုင်သည့် ဆက်သွယ်ရေး စနစ်များ ပေးစွမ်းနိုင်မည့် Teleport Facility များ၊ နည်းပညာနှီးနှောဖလှယ် နိုင်မည့် Conferencing Facility၊ ထုတ်လုပ်ပြီး Product များ ပြသရောင်းချနိုင်မည့် Exhibition Hall၊ Shopping Centerများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Training Centerများ၊ Research & Development (R&D) Center များ၊ Incubation Centreများ၊ စာသင်ကျောင်းများစသည်ဖြင့် မြို့တစ်မြို့၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်သွားမှာ ဖြစ်ကြောင်း။

အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် Myanmar Info-Tech ကော်ပိုရေးရှင်းကလည်း အီလက်ထရွန်နစ် နည်းပညာဖြင့် ကုန်ပစ္စည်းဝယ်ယူခြင်းစနစ်(e-Procurement) နှင့် သတင်း အချက်အလက်များ လုံခြုံစေရေးစနစ်(Certification Authority)တို့ကို တီထွင်ခဲ့ပြီး အသုံးပြု၍ရနေပြီဟု သိရသည့်အတွက် ဝမ်းသာကျေနပ်မိပါကြောင်း၊ Public Access Center(PAC) နှင့် Data Center ထူထောင်ခြင်း၊ Industrial Development Information Systems(IDIS)၊ Agricultural Development Information Systems(ADIS) နဲ့ Rural Development Information Systems(RDIS) တည်ဆောက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ အိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်းကြောင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိရောက် အကျိုးရှိစေခဲ့ပါကြောင်း။

အခွင့်အလမ်းကောင်း

ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ ပြည်သူများနှင့် လေ့လာသူများအနေနှင့် ဤပြပွဲကြီးတွင် မြန်မာနိုင်ငံ၏ လက်ရှိ အိုင်စီတီအခြေအနေနှင့် ရှေ့အလားအလာများကို ကောင်းစွာ မှန်းဆသုံးသပ်နိုင်မှာ ဖြစ်ပါကြောင်း၊ အိုင်စီတီကုမ္ပဏီများအနေနှင့်လည်း မိမိ၏ Products များ၊ ဝန်ဆောင်မှုများကို မိတ်ဆက်နိုင်မည့် အခွင့်အလမ်းကောင်းဖြစ်ပါကြောင်း။

ယခု အိုင်စီတီ ရက်သတ္တပတ်လှုပ်ရှားမှုအတွင်းတွင် ကုမ္ပဏီပေါင်း ၇၁ ခု၏ ပြခန်းပေါင်း ၁၅၀ ကို ပါဝင်ပြသထားမှာဖြစ်ပြီး ခေတ်မီ ICT နည်းပညာအသုံးချမှု ပြခန်းများ အပြင် အလုပ်ရုံဆွေးနွေးပွဲများ၊ Programming ပြိုင်ပွဲ၊ Web Development ပြိုင်ပွဲနှင့် Networking ပြိုင်ပွဲများကျင်းပရန် စီစဉ်ထားသည်ဟု သိရှိရပါကြောင်း၊ ဤဆွေးနွေးပွဲနှင့် ပြိုင်ပွဲများသည် နိုင်ငံအတွင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဗဟုသုတ တိုးပွားစေရန်နှင့် ပြည်သူများ ICT အသုံးချမှုများကို သဘောပေါက်နားလည်စေပြီး များစွာအကျိုးဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် ကျောင်းသားလူငယ်များ လေ့လာနိုင်စေရန် အဓိကရည်ရွယ်ပြီး နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သည့် သင်္ကြန်ကာလအပြီး မြန်မာနှစ်ကူးကာလတွင် ကျင်းပရန်စီစဉ်ခဲ့သည့်အတွက် ကျေနပ်အားရ ဖြစ်မိပါကြောင်း။

လက်တွဲဆောင်ရွက်

အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့နှင့် Myanmar Info-Tech ကော်ပိုရေးရှင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့် အသင်းများကိုအိုင်စီတီဖွံ့ဖြိုးတိုးတက်မှုအတွက်ဆတက်ထမ်းပိုးတိုးပြီး ကြိုးပမ်းဆောင်ရွက်ကြရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အိုင်စီတီရက်သတ္တပတ်မှာ ထူးခြားသည့် အောင်မြင်မှုများ ရပါစေဟုလည်း ဆန္ဒပြုလိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပဋ္ဌမအကြိမ်မြောက် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရက်သတ္တပတ် ၂၀၀၆ကျင်းပရေးနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိမှုကို ကျင်းပရေးကော်မတီဝင် မြန်မာအင်ဖိုတက် ဒါရိုက်တာအဖွဲ့ဝင် ဦးတင်ဝင်းအောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ၏ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဗီဒီယိုဆလိုက်ဖြင့်ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြသမည်

သတင်း အချက်အလက်နှင့် နည်းပညာဆိုင်ရာ ဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ၊ Products & Services Launching နှင့် Programming Web Development ပြိုင်ပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက် အအုံ၌ ယနေ့မှ မေ ၄ ရက် အထိလည်းကောင်း၊ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ခန်းမ၌ ဧပြီ ၂၉ရက်မှမေ ၁ရက်အထိလည်းကောင်း ကျင်းပပြသသွားမည် ဖြစ်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၉-၄-၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၂၅	နှင်းဆီပင်စိုက်ကြရအောင်
၇း၄၀	တေးဂီတအစီအစဉ်
၇း၅၀	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	Movie Talk(Titanic ဖန်တီးမှု)(ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ဦးခင်မောင်ဌေး)
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	အရည်အသွေးကောင်းလို့ စံချိန်မီ မြန်မာ့ကြက်ဆင်ဇာမဏီ
၉း၃၀	တေးဂီတအစီအစဉ်
၉း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	လူငယ်အာဟာရ(ဖိုးကာနှင့်တွေ့ဆုံခြင်း)
၁၀း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ဆီးချို၊သွေးချိုရောဂါအကြောင်း ဟောပြောချက် အပိုင်း(၁)
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (သဘော်အကျွတ်ယိုမုန့်ပြုလုပ်နည်း)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅	Myanmar Futsal အသင်း၏ကြိုတင်ပြင်ဆင်မှုများ
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၄း၃၀	ပရီမီယာပွဲကြိုသုံးသပ်ချက်(၁) (ကျောက်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ပြည့်ဖြိုးဟန်)	5-Sports(Live)
၅း၃၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၅း၅၅	Chelsea-Man:U	5-Sports(Live)
၈း၂၄	Birmingham-New˚Castle	5-Sports(Live)
၈း၂၅	Liverpool-Aston Villa	5-Sports(Live)
၁၀း၃၀	Wigan-Portsmouth	5-Cartoons(Live)
၁၀း၄၀	Charlton-Blackburn	5-Sports(Live)
၁း၀၀	Final Score	5-Sports(Live)

သခင်လုပ်မှာလား၊ ကျွန်လုပ်မှာလား မေးစရာမလို၊ ကျွန်ုပ်တို့သည် သခင်ဖြစ်သည်

ဇော်မိုလ်

ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့်ထီးကိုယ့်နန်း မြန်မာနိုင်ငံ

မြန်မာတို့သည် မိမိနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏ နယ်မြေပိုင်ဆိုင်မှုကို အလွန်လေးစားတန်ဖိုးထားခဲ့ကြသည်။ ၁၀၄၄ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို အနော်ရထာမင်းတရားကြီးကလည်းကောင်း၊ ၁၅၅၁ခုနှစ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဘုရင့်နောင်မင်းတရားကြီးက လည်းကောင်း၊ ၁၇၅၂ခုနှစ်တွင် တတိယမြန်မာနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီးကလည်းကောင်း တည်ထောင်ခဲ့သည်။ ထိုအချိန်များက နိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရှိသည်။ စီးပွားရေးအင်အားတောင့်တင်းသည်။ တပ်မတော်အင်အားတောင့်တင်းသည်။ ပတ်ဝန်းကျင်နိုင်ငံများက လေးစားခန့်ညားရသည်။ ထိုကာလများက နိုင်ငံတော်၏အင်ပါယာနယ်နိမိတ်ကို သမိုင်းတွင်လေ့လာက သိရသည်။ အားတက်ရသည်။ မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံသားများ၏ တန်ဖိုးကို နားလည်ရသည်။

ကျွန်ဖြစ်ခဲ့သောကာလများ

၁၈၂၄ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့သည်။ ရခိုင်၊ ရမ်းဗြဲ၊ သံတွဲ၊ မာန်အောင်၊ ရေး၊ မြိတ်၊ ထားဝယ်နှင့် တနင်္သာရီဒေသများကို သိမ်းပိုက်ခံခဲ့ရသည်။

၁၈၅၂ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး အောက်မြန်မာနိုင်ငံဆုံးရှုံးခဲ့ရသည်။ သိမ်းပိုက်ခံခဲ့ရသည်။

၁၈၈၅ခုနှစ်တွင် ဗြိတိသျှကိုလိုနီ၏ ကျူးကျော်စစ်၊ တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပြီး တစ်နိုင်ငံလုံး ဆုံးရှုံးခဲ့ရသည်။ မြန်မာတို့ တန်ဖိုးထားလေးစားခဲ့သော မြန်မာထီးနန်း၊ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နယ်မြေပိုင်ဆိုင်မှုအားလုံး ပျက်သုဉ်းလျက် နှစ်ပေါင်းတစ်ရာကျော် ကျွန်သာမက ကျွန်အောက်သပေါက်ဖြစ်ခဲ့ရသည်။

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ

အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်များ ပူးပေါင်းကြိုးပမ်းအားထုတ်မှု၊ ပြည်သူပါဝင်သော တပ်မတော်၏ စွမ်းစွမ်းတမံအားထုတ်ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ရလဒ်အဖြစ် ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်သောအချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံဖြစ်ထွန်းလာခဲ့သည်။ သို့သော် ဗိုလ်ကျစိုးမိုး ခံရမှုကြောင့် နိုင်ငံတော်၏ နယ်နိမိတ်အချို့ ဆုံးရှုံးခဲ့ရသည်။ ၁၇၅၂ခုနှစ်နှင့် ၁၉၄၈ခုနှစ် မြန်မာနိုင်ငံမြေပုံကို နှိုင်းယှဉ်သိမြင်နိုင်ပါသည်။

ဖြတ်သန်းခဲ့ရသော အတိတ်ကာလများ

၁၉၄၉ခုနှစ်တွင် မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများအား ကူမင်တန် ကျူးကျော်မှုကို ပြည်သူပါဝင်သော တပ်မတော်က အောင်မြင်စွာ တိုက်ခိုက်မောင်းထုတ်ခဲ့ရသည်။ ၁၉၅၈ခုနှစ်တွင် နိုင်ငံရေးပါတီ အချင်းချင်း သွေးခွဲတိုက်ခိုက်မှုကြောင့် လွတ်လပ်ရေးဆုံးရှုံးမည့် အရေးဖြစ်လာခဲ့သဖြင့် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းပေးခဲ့ရသည်။ ၁၉၆၂ခုနှစ်တွင် နယ်ချဲ့၏သွေးထိုးမှုကြောင့် လွတ်လပ်ရေးဆုံးရှုံးမည့် အရေး၊ တိုင်းပြည်ပြိုကွဲမည့်အရေးဖြစ်လာ၍ တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရပြန်သည်။ ၁၉၈၈ခုနှစ်တွင်လည်း လက်ဖက်ရည်ဆိုင် ရန်ဖြစ်မှုကစ၍ နယ်ချဲ့သွေးထိုးမှုကြောင့် ပြည်သူအများ လမ်းပေါ်ရောက် ဆန္ဒပြ၊ ဆူပူဖျက်ဆီးမှုများဖြစ်ပြီး တိုင်းပြည်ပြိုကွဲမည့်အရေး၊ အချုပ်အခြာအာဏာဆုံးရှုံးမည့်အရေးများ ဖြစ်ပေါ်လာသဖြင့် တပ်မတော်က နိုင်ငံတော်အာဏာကို ရယူထိန်းသိမ်းခဲ့ရပြန်သည်။ ၁၉၈၈ခုနှစ်မှ ယနေ့အထိ တပ်မတော်သည် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ စီးပွားတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးစသော ကိစ္စရပ်များ အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၁၉၄၈ခုနှစ်မှ ၁၉၈၈ခုနှစ် အနှစ်၄၀ကာလနှင့် နှိုင်းဆလျှင် ၁၉၈၈ခုနှစ်မှ ၂၀၀၅ခုနှစ် ၁၇နှစ်ကာလအတွင်း တိုးတက်မှုသည် အဆပေါင်းများစွာ သာလွန်တိုးတက်သည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်နှင့်လျော်ညီသော နိုင်ငံတော်၏ လုံခြုံရေး (National Security)

ယနေ့နိုင်ငံတော်၏အမျိုးသားရေးပန်းတိုင် (National Goal) သည် "အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး" ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွား(National Interests)မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ဇာတိဂုဏ် မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွားကို အောင်မြင်အောင် လုပ်ဆောင်မည့် လုပ်ငန်းမှန်သမျှ၊ အမျိုးသားအကျိုးစီးပွား ဖျက်ဆီးမှုများကို ကာကွယ်ရမည့် ကိစ္စမှန်သမျှသည် ကျွန်ုပ်တို့၏ နိုင်ငံတော်လုံခြုံရေးပင်ဖြစ်သည်။ လုံခြုံရေးဟုပြောလျှင် လူအများတို့က လက်နက်ကိုင်အဖွဲ့အစည်းနှင့်သာ ဆိုင်သည်ဟု ယူဆကြသည်။ ဘာသိဘာသာနေကြသည်။ ယခုအမျိုးသားလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေး(National Security)သည် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုတည်းနှင့်ဆိုင်သော ကိစ္စမဟုတ်၊ မြန်မာနိုင်ငံ အတွင်းနေထိုင်ကြသော ပြည်သူလူထုအားလုံး၊ တိုင်းရင်းသားအားလုံးနှင့်ဆိုင်သော ကိစ္စကြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံး တာဝန်ရှိပါသည်၊ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံတော်လုံခြုံရေးကိုလေ့လာခြင်း

ပထမကမ္ဘာစစ်မတိုင်မီကာလက ဗြိတိသျှတို့သည် နိုင်ငံစီးပွားရေးတိုးတက်စေရန်အတွက် ကမ္ဘာအနှံ့အပြားတွင် ကိုလိုနီနိုင်ငံများ ထူထောင်ရေးကို အမျိုးသားအကျိုးစီးပွားအဖြစ် သတ်မှတ်ခဲ့သည်။ သို့သော် ထိုအမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာတွင်မူ နယ်ချဲ့ဝါဒကို ကမ္ဘာ့လူသားများအား ယဉ်ကျေးအောင်ပြုလုပ်ပေးရေးဆိုသော စကားလုံးလှလှဖြင့် ဖုံးကွယ်ထားခဲ့ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်အများအပြားသည် ဗြိတိသျှတို့၏ ယဉ်ကျေးအောင် သင်ကြားပေးမှုကိုခံရင်း ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အမေရိကန်နိုင်ငံသည် အင်အားကြီးနိုင်ငံအဖြစ်ပေါ်ထွက်လာခဲ့သည်။ အမေရိကန်တို့ကမူ ဆိုဗီယက်တို့ကို ထိန်းချုပ်ပြီး ကမ္ဘာ့ဒေသအနှံ့အပြားတွင် ၎င်းတို့၏ စစ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဩဇာထူထောင်ရန်ဆိုသည့် အမျိုးသားအကျိုးစီးပွားကို ကွန်မြူနစ်ဝါဒဆန့်ကျင်ရေး၊ ဒီမိုကရေစီနှင့်လွတ်လပ်ရေးဆိုသော ခေါင်းစဉ်အောက်မှလည်းကောင်း၊ အမေရိကန်တို့၏တန်ဖိုး(Amarican Values)ကို နိုင်ငံအားလုံးမှ လိုက်နာကျင့်သုံးရေးဆိုသော ခေါင်းစဉ်အောက်မှလည်းကောင်း ဖော်ဆောင်လာခဲ့ကြသည်။ စစ်အေးခေတ်လွန် ကာလရောက်သောအခါ ကွန်မြူနစ်ဝါဒနေရာတွင် အကြမ်းဖက်ဝါဒနှင့် (အမေရိကန်တို့အဆို) ဖိနှိပ်သော အစိုးရများကို အစားထိုးခဲ့သည်။

ဤနေရာတွင် အမေရိကန်တို့၏ တန်ဖိုးများဆိုသည့် အချက်များကို လေ့လာမည်ဆိုပါက ဒီမိုကရေစီလူ့အခွင့်အရေး၊ ပြည်သူတို့၏ ဆုံးဖြတ်ပိုင်ခွင့်စသော စကားလုံးလှများဖြင့် ဖော်ပြထားသော်လည်း အာဖဂန်နစ္စတန်၊ အီရတ်နိုင်ငံများတွင် အမေရိကန်စစ်တပ်မှ ပြုမူနေမှုများ၊ အမေရိကန်ပြည်တွင်းတွင် သမ္မတဘုရှ်အစိုးရ၏ မိမိပြည်သူများကို ဥပဒေမဲ့ စုံစမ်းထောက်လှမ်းနေမှုများကို ကြည့်ပါက အမေရိကန်တို့၏ တန်ဖိုးများကို အမေရိကန်တို့ကိုယ်တိုင် လိုက်နာနိုင်မှု မရှိသည်ကို တွေ့ရပါမည်။

ယနေ့နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင် (National Goal) သည် "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး" ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွား(National Interests)မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်၊ဇာတိဂုဏ် မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ဖြစ်သည်။ ကျွန်ုပ်တို့၏ အမျိုးသားအကျိုးစီးပွားကို အောင်မြင်အောင်လုပ်ဆောင်မည့် လုပ်ငန်းမှန်သမျှ၊ အမျိုးသား အကျိုးစီးပွား ဖျက်ဆီးမှုများကို ကာကွယ်ရမည့် ကိစ္စမှန်သမျှသည် ကျွန်ုပ်တို့၏ နိုင်ငံတော်လုံခြုံရေးပင်ဖြစ်သည်။ လုံခြုံရေးဟုပြောလျှင် လူအများတို့က လက်နက်ကိုင်အဖွဲ့အစည်းနှင့်သာဆိုင်သည်ဟု ယူဆကြသည်။ ဘာသိဘာသာနေကြသည်။ ယခုအမျိုးသား လုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေး(National Security)သည် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုတည်းနှင့်ဆိုင်သော ကိစ္စမဟုတ်၊ မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ပြည်သူလူထုအားလုံး၊ တိုင်းရင်းသားအားလုံးနှင့်ဆိုင်သော ကိစ္စကြီးဖြစ်သည်။ ကျွန်ုပ်တို့အားလုံး တာဝန်ရှိပါသည်၊ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

SAM C.SARKESIAN ၏ US NATIONAL SECURITY- POLICYMAKERS, PROCESSES and POLITICS စာအုပ်တွင်–

အမေရိကန်သည် ၎င်း၏အကျိုးစီးပွားအောင်မြင်ရန်အတွက် လုပ်ဆောင်မည့် အမေရိကန်နိုင်ငံ လုံခြုံရေး(National Security)တွင် မူဝါဒနှင့်လုပ်ငန်းစဉ်ကိုချမှတ်ရာ၌ လိုအပ်လျှင် စစ်အင်အားကို အသုံးချမည်။ နိုင်ငံခြားရေးမူဝါဒအဖြစ် အပေးအယူသဘောအဖြစ် ညှိနှိုင်းသဘောတူညီချက်ရယူခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ သံတမန်ဆိုင်ရာနည်းလမ်းအစုံ အသုံးချခြင်းတို့ကိုပြုလုပ်မည်။ လုံခြုံရေးမူဝါဒနှင့်ဦးစားပေးမှုကို ကြည့်လျှင်–

(၁) အမေရိကန်အမိမြေကိုကာကွယ်ခြင်းနှင့် ၎င်းတို့၏ နိုင်ငံရေးစနစ်ကို ဆက်လက်ရှင်သန်စေခြင်း၊

(၂) ဒီမိုကရေစီစနစ်နှင့် ပွင့်လင်းမှုကိုတိုးချဲ့ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ပြုစုပျိုးထောင်ခြင်းတို့ပြုလုပ်မည်။

၎င်းလုံခြုံရေးမူဝါဒ၏ အစီအစဉ်လုပ်ငန်းစဉ်မှာ–

(၁) Vital Interestအဖြစ် အမိမြေကို ကာကွယ်ရာတွင် စစ်အင်အား တောင့်တင်းခိုင်မာမှု၊ ကြိုတင်ချေမှုန်းမှုနှင့် နိုင်ငံ၏ သယံဇာတစွမ်းအားများကို အစွမ်းကုန်အသုံးချမည်။

(၂) Critical Interest အဖြစ် ဒီမိုကရေစီစနစ်ကို ပြုစုပျိုးထောင်တိုးချဲ့မည်။

(၃) Serious Interestအဖြစ် အရေးသာသော၊ အသာစီးရသော အခြေအနေကို ဖန်တီးမည်။ ဖန်တီး၍မရလျှင် ဒီမိုကရေစီရေးကို ခြိမ်းခြောက်သည့်အခြေအနေဟု သုံးသပ်ဆောင်ရွက်မည်ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤသို့ဆိုလျှင် အမေရိကန်သည် ၎င်း၏ National Values, National Interestsနှင့် National Securityကို မည်သို့မူဝါဒချမှတ်ဆောင်ရွက်နေကြောင်း သိနိုင်ပြီဖြစ်သည်။

ကမ္ဘာ့လုံခြုံရေး၊ အမေရိကန်နိုင်ငံ၏ လုံခြုံရေးကိုခြိမ်းခြောက်သည်။ ဒီမိုကရေစီရရှိအောင် စီစဉ်ပေးရမည်ဟူသော National Securityမူဝါဒဖြင့် အမေရိကန်နှင့် အပေါင်းအပါတို့သည် အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး ဒီမိုကရေစီရရှိသွားပြီ၊ ပြည်သူကလွတ်လပ်စွာ ရွေးချယ်တင်မြှောက်သော အစိုးရများဖြစ်သွားပြီ၊ လူ့အခွင့်အရေးများ ရရှိပြီဟုကြေညာနေသော်လည်း ၎င်းနိုင်ငံများတွင် မီးဟုန်းဟုန်းတောက်လျက် နေ့စဉ်တိုက်ခိုက်မှု၊ ဖောက်ခွဲမှုများဖြစ်လျက် ပြည်သူအများသောင်းချီ၍သေကျေပျက်စီးလျက်ရှိသည်။

မြန်မာနိုင်ငံကိုလည်း ပထဝီနိုင်ငံရေးအရ အရေးပါမှု၊ မဟာဗျူဟာကျမှုကိုကြည့်၍ နည်းမျိုးစုံဖြင့် ဖျက်ဆီးရန်ကြိုးစားလျက်ရှိသည်။ ပြည်ပရောက် အကြမ်းဖက်သူများအုပ်စုကို အသုံးပြုလျက်၊ အသံလွှင့်မီဒီယာအမျိုးမျိုးကို အသုံးပြုလျက် ပြည်တွင်းနိုင်ငံရေးသမားဆိုသူများနှင့် အတိုင်အဖောက်ညီစွာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ လူ့အခွင့်အရေး၊ အစမ္ဗစေခိုင်းမှု၊ ကလေးစစ်သား၊ အစမ္ဗပြောင်းရွှေ့စေမှု၊ ဒုက္ခသည်များ ရွှေ့ပြောင်းနေထိုင်ကြသော လုပ်သားများအခြေအနေ၊ လူကုန်ကူးမှု၊ မုဒိမ်းမှု၊ အမျိုးသမီးအခွင့်အရေး၊ ရုံးမတင်ဘဲ တရားစီရင်မှု၊ ရိုက်နှက်ညှဉ်းပန်းမှု၊ တိုင်းရင်းသားလူမျိုးစုအခွင့်အရေး၊ စားနပ်ရိက္ခာမလုံလောက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အခွင့်အလမ်းများ၊ ဘာသာရေးယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်၊ လွတ်လပ်စွာဖော်ထုတ်ရေးသားပြောဆိုခွင့်၊ လွတ်လပ်စွာသင်းပင်းအဖွဲ့အစည်းထူထောင်ခွင့်၊ မြေမြှုပ်မိုင်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အမျိုးသားညီလာခံစသော စွပ်စွဲထိုးနှက်ချက်များ တစ်ခုပြီးတစ်ခုကို သီးခြားပြုလျက်၊ ရောမွှေလျက်၊ အကြောင်းအရာအမျိုးမျိုးဖြင့် စွပ်စွဲလျက်ရှိသည်။ အဓိကမှာ ၎င်း၏ Values ဆိုသည်များနှင့် ဒီမိုကရေစီ၊ ပွင့်လင်းခြင်းဆိုသည်များကို သွတ်သွင်းလျက် ပြည်သူများကို နားယောင်စေပြီး လိုရာပုံသွင်းရန် ကြိုးစားခြင်းသာဖြစ်သည်။ ၎င်းတို့ပြောသည့် လူသားချင်း စာနာထောက်ထားမှုဆိုသည်ကို ပေးရန်မရှိ၊ ၎င်းတို့အတွက် အကျိုးမရှိသမျှ ဖော်ပြပါစွပ်စွဲချက်များသည် နည်းအမျိုးမျိုးဖြင့် နေရာရှုထောင့်အမျိုးမျိုးမှ တစ်ခုပြီးတစ်ခု လာလိမ့်မည်။ အကြောင်းအရာသစ်များလည်း လာချင်လာလိမ့်ဦးမည်။ လာသမျှသည် သူ့နိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်နေခြင်းဖြစ်သည်။ အခြားနိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်နေခြင်းမဟုတ်၊ မြန်မာနိုင်ငံ သားများသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်သင့်လုပ်ထိုက် သည်များကို လုပ်ဆောင်ကြရပါမည်။

၂၀၀၆ခုနှစ် မတ်လထုတ် အမေရိကန်နိုင်ငံ၏ လုံခြုံရေး မဟာဗျူဟာ National Security Strategy ကို လေ့လာခြင်း

ယခုနှစ်တွင် အမေရိကန်၏ လုံခြုံရေးမဟာဗျူဟာကို သုံးသပ်ရေးသား ထုတ်ပြန်ရာတွင် အမေရိကန်၏ တန်ဖိုးကိုလေးစားလာကြစေရန်နှင့် နိုင်ငံတကာဦးဆောင်မှုအသွင်ဖြင့် အမေရိကန်သည် ကမ္ဘာကြီးကို လွတ်လပ်မှုပိုမိုရရှိစေလိုဟန်ဆောင်ကာ ကြိုးပမ်းမည်

မြန်မာနိုင်ငံကိုလည်း ပထဝီနိုင်ငံရေးအရ အရေးပါမှု မဟာဗျူဟာကျမှုကိုကြည့်၍ နည်းမျိုးစုံဖြင့် ဖျက်ဆီးရန် ကြိုးစားလျက်ရှိသည်။ ပြည်ပရောက် အကြမ်းဖက်သူများအုပ်စုကို အသုံးပြုလျက်၊ အသံလွှင့် မီဒီယာအမျိုးမျိုးကို အသုံးပြုလျက် ပြည်တွင်းနိုင်ငံရေးသမားဆိုသူများနှင့် အတိုင်အဖောက်ညီစွာ မြန်မာနိုင်ငံနှင့် ပတ်သက်၍ လူ့အခွင့်အရေး၊ အစမ္ဗစေခိုင်းမှု၊ ကလေးစစ်သား၊ အစမ္ဗပြောင်းရွှေ့စေမှု၊ ဒုက္ခသည်များ ရွှေ့ပြောင်းနေထိုင်ကြသော လုပ်သားများအခြေအနေ၊ လူကုန်ကူးမှု၊ မုဒိမ်းမှု၊ အမျိုးသမီးအခွင့်အရေး၊ ရုံးမတင်ဘဲ တရားစီရင်မှု၊ ရိုက်နှက်ညှဉ်းပန်းမှု၊ တိုင်းရင်းသားလူမျိုးစုအခွင့်အရေး၊ စားနပ်ရိက္ခာ မလုံလောက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ အခွင့်အလမ်းများ၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်၊ လွတ်လပ်စွာဖော်ထုတ်ရေးသား ပြောဆိုခွင့်၊ လွတ်လပ်စွာ သင်းပင်းအဖွဲ့အစည်းထူထောင်ခွင့်၊ မြေမြှုပ်မိုင်းများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ အမျိုးသားညီလာခံစသော စွပ်စွဲထိုးနှက်ချက်များကို တစ်ခုပြီးတစ်ခုကို သီးခြားပြုလျက်၊ ရောမွှေလျက်၊ အကြောင်းအရာအမျိုးမျိုးဖြင့် စွပ်စွဲလျက်ရှိသည်။ အဓိကမှာ ၎င်း၏ Values ဆိုသည်များနှင့် ဒီမိုကရေစီ၊ ပွင့်လင်းခြင်း ဆိုသည်များကို သွတ်သွင်းလျက် ပြည်သူများကို နားယောင်စေပြီး လိုရာပုံသွင်းရန် ကြိုးစားခြင်းသာဖြစ်သည်။ ၎င်းတို့ပြောသည့် လူသားချင်းစာနာထောက်ထားမှုဆိုသည်ကို ပေးရန်မရှိ၊ ၎င်းတို့အတွက် အကျိုးမရှိသမျှ ဖော်ပြပါ စွပ်စွဲချက်များသည် နည်းအမျိုးမျိုးဖြင့် နေရာရှုထောင့်အမျိုးမျိုးမှ တစ်ခုပြီးတစ်ခုလာလိမ့်မည်။ အကြောင်းအရာသစ်များလည်း လာချင်လာလိမ့်ဦးမည်။ လာသမျှသည် သူ့နိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်နေခြင်းဖြစ်သည်။ အခြားနိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်နေခြင်းမဟုတ်၊ မြန်မာနိုင်ငံသားများသည် မြန်မာနိုင်ငံ၏ အကျိုးစီးပွား အတွက် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ကြရပါမည်။

ဖြစ်ပြီး ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် ၎င်းတို့ကြိုးကိုင်၍မရသော အစိုးရများကို ဖြုတ်ချရှင်းလင်း၍ ဒီမိုကရေစီကို ထိရောက်စွာ တိုးမြှင့်အသုံးချရန်ဟူသော သေနင်္ဂဗျူဟာကို အသုံးပြုမည်ဖြစ်သည်။

ဘုရှ်အစိုးရ၏ အခြေခံအယူအဆမှာ နိုင်ငံတိုင်းအထူးသဖြင့် အမေရိကန်တို့၏ အမျိုးသားအကျိုးစီးပွားအတွက် အချက်အချာကျသော နိုင်ငံတိုင်းတွင် အမေရိကန်တို့၏တန်ဖိုးများကို လက်ခံပြီး အမေရိကန်ပုံစံ ဒီမိုကရေစီသာကျင့်သုံးနိုင်လျှင် အမေရိကန်ဆန့်ကျင်ရေးအင်အားစုများ အားနည်းသွားမည်။ အကြမ်းဖက်သမားများအတွက် ခိုလှုံရန်နေရာ မရှိတော့သဖြင့် အမေရိကန်နိုင်ငံသည် ပို၍လုံခြုံသွားမည်ဟူ၍ဖြစ်သည်။ ထို့ကြောင့်ပင် အမေရိကန်အစိုးရသည် အကြမ်းဖက်သမားများကို ထောက်ခံနေသောနိုင်ငံများရော၊ အကြမ်းဖက်ဝါဒနှင့် ပတ်သက်ခြင်းမရှိသည့်တိုင် အမေရိကန်တို့ ကြိုးဆွဲရာမကသော နိုင်ငံများကို အာဏာရှင်နိုင်ငံ၊ ဆိုးသွမ်းသောနိုင်ငံ၊ အစမ္ဗအုပ်ချုပ်နေသော အစိုးရများဟု အမည်အမျိုးမျိုးတပ်ပြီး ဖယ်ရှားရန်ဆောင်ရွက်နေခြင်း ဖြစ်သည်။ အမေရိကန်တို့အကျိုးကို မဆန့်ကျင်သောနိုင်ငံများကိုမူ မည်မျှအခြေအနေဆိုးစေကာမူ ထိုစာရင်းတွင်ထည့်မထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

၎င်းမဟာဗျူဟာကို ဆောင်ရွက်ရာတွင် အမေရိကန်သည် အောက်ပါနိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနှင့် အခြားအစီအမံအားလုံးကို အသုံးချမည်ဖြစ်သည်–

(၁) လူ့အခွင့်အရေးကို ချိုးဖောက်မှုများကို ဆန့်ကျင်စေမည်။

(၂) နိုင်ငံများမှ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးသမားများကို အားပေးမည်၊ အဆင့်မြင့်တွေ့ဆုံပွဲများ အိမ်ဖြူတော်အစိုးရ၊ အမေရိကန်သံရုံးတို့၌ ပြုလုပ်ပေးမည်။

(၃) လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ အရပ်သားအဖွဲ့အစည်းများက လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ တိုးတက်ဆောင်ရွက်ရန် ကိစ္စများအတွက် နိုင်ငံခြားအထောက်အပံ့ပေးမည်။

(၄) ဒီမိုကရေစီအသိုင်းအဝိုင်း၏ လူ့အခွင့်အရေးကိစ္စရပ်အတွက် စစ်တပ်၏အကူအညီ အထောက်အပံ့နှင့် လေ့ကျင့်ပေးမှုများ၊ ထိန်းချုပ်မှုများ ဆောင်ရွက်ပေးမည်။

(၅) ပစ်မှတ်ထားသော နိုင်ငံအတွက် ပိတ်ဆို့မှုနည်းလမ်းကို အသုံးချမည်။

(၆) ပစ်မှတ်ထားသောနိုင်ငံကို အခြားနိုင်ငံအစိုးရများကပါ အကူအညီ အထောက်အပံ့မပေးအောင် ဆောင်ရွက်မည်။

(၇) မိတ်ဆွေဖြစ်သော ဒီမိုကရေစီနိုင်ငံအစိုးရများကိုလည်း ပစ်မှတ်ထားသောနိုင်ငံကို လွတ်လပ်မှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုးမြှင့်ရေးကိစ္စ တွန်းအားပေးခိုင်းမည်။

(၈) ဒီမိုကရေစီသို့ ရှေးရှုခြေလှမ်းစနေသော အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကနိုင်ငံများသို့ ဒီမိုကရေစီရန်ပုံငွေ ထောက်ပံ့မည်။

(၉) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်သားအဖွဲ့အစည်းများကို မိတ်ဆွေပြုလျက် ၎င်းတို့၏ လုပ်ငန်းများကို ထောက်ကူအားဖြည့်ပေးမည်။

(၁၀) နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ (African Union, EU စသည်ဖြင့်)တို့နှင့် ဒီမိုကရေစီတိုးတက်တည်ဆောက်ခြင်းကို အတူတကွလက်တွဲ လုပ်ဆောင်မည်။

(၁၁) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို စံတင်လောက်အောင် ချိုးဖောက်နေသော အဖွဲ့အစည်းများကို ဝေဖန်ရှုတ်ချမှုများ ပြုလုပ်မည်။

(၁၂) တရားဥပဒေစိုးမိုးခြင်း၊ လာဘ်စားမှုများ တိုက်ဖျက်ခြင်း၊ ဒီမိုကရေစီကို တာဝန်ခံဖော်ဆောင်ခြင်း ပြုလုပ်နေသောနိုင်ငံများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံခြားအထောက်အပံ့များရရှိရေး အားပေးဆောင်ရွက်မည်။

(၁၃) အထက်ပါလုပ်ဆောင်နေသော နိုင်ငံများကို လွတ်လပ်စွာ ကုန်သွယ်ခွင့် သဘောတူညီချက် (Free Trade Agreement-FTAs)အားပေး ဆောင်ရွက်ပေးမည်။

အမေရိကန်နိုင်ငံ၏ လုံခြုံရေးသေနင်္ဂဗျူဟာ ဖော်ပြချက်များက ရှင်းပါသည်။ ၎င်းတို့၏ အကျိုးစီးပွားအတွက် မြန်မာအပါအဝင် မြောက်ကိုရီးယား၊ အီရန်၊ ဆီးရီးယား၊ ကျူးဘား၊ ဘီလာရုစ်၊ ဇင်ဘာဘွေနိုင်ငံများအား အထက်ပါအတိုင်းဖြောင်ကျကျ ဝင်ရောက်စွက်ဖက်မည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့မြန်မာနိုင်ငံကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်စေချင်သူများသည် မိမိတို့အကျိုးစီးပွားကို မိမိတို့တည်ဆောက် ကာကွယ်ရမည်သာဖြစ်ပါသည်။ မိမိတို့ တိုင်းသူပြည်သားများ၊ တိုင်းရင်းသားများကသာ တစည်းတလုံးတည်းသော စည်းလုံးညီညွတ်မှုအင်အားဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ကြရပေမည်။ နှစ်ပေါင်းရာချီ၍ မိမိတို့အပေါ် မကောင်းခဲ့သူများသည် ၎င်းတို့အလိုကျမဖြစ်သရွေ့ မိမိတို့အပေါ် ကောင်းလိမ့်မည်မဟုတ်၊ ၎င်းတို့အလိုကျ ဖြစ်လျှင်လည်း ကောင်းလိမ့်မည်ဟု ယုံကြည်၍မရ။

မိမိတို့မြန်မာနိုင်ငံကို နှစ်ပေါင်းထောင်ချီ၍ ဤတိုင်းရင်းသား လူမျိုးစုများဖြင့် တည်ဆောက်ခဲ့ကြသည်။ ကိုယ်ပိုင်လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ နိုင်ငံပိုင်နက်နယ်နိမိတ်၊ ကိုယ်ပိုင်ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများရှိသော နိုင်ငံဖြစ်သည်။ ရဲရင့်ဖျတ်လတ်လျင်မြန်သော၊ ခိုင်မာသည့်ဆုံးဖြတ်ချက်ချနိုင်သော၊ အသိဉာဏ်မြင့်မားသော နိုင်ငံသားများရှိသည်။ သယံဇာတအရင်းအမြစ်များစွာရှိသည်။ တစည်းတလုံးတည်း စုစည်းညီညွတ်စွာဖြင့် ကြိုးစားရုံသာရှိသည်။ မိမိတို့၏ အမျိုးသားအကျိုးစီးပွားကို မိမိတို့ပဲ ကာကွယ်ရမည်။ အောင်မြင်အောင် တည်ဆောက်ရမည်။ မြန်မာ့တန်ဖိုး(Myanmar Values)ကို သက်ဆုံးတိုင် ထိန်းသိမ်းကြရမည်။

သခင်လုပ်မှာလား၊ ကျွန်လုပ်မှာလား၊မေးစရာမလို။ ကျွန်ုပ်တို့သည် သခင်ဖြစ်သည်။ ။

29-4 (09).p65 2 1/11/32, 2:47 PM

ယနေ့လူငယ်လူရွယ်များနိုင်ငံတကာအဆင့်မီပညာရပ်များ အလွယ်တကူသင်ယူနိုင် လူဦးရေအများစုရှိသောကျေးလက်ပြည်သူများ အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးရခြင်းဖြစ်

ရန်ကုန် ဧပြီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၉၈၅ ခု ဖွင့်လှစ်ပြီးစီးခြင်းနှင့်အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စည်ပင်သာယာခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး စာအုပ်စာပေ၊ စာပေဒါန အလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကျေးရွာစာကြည့်တိုက်များအတွက် ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၅၀ တို့ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေချိန်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ကျန်းမာကြံ့ခိုင်၍ ပညာရည်မြင့်မားစေရန် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း ကျေးလက်နေပြည်သူများ ဗဟုသုတတိုးပွားရန် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို တစ်နိုင်ငံလုံး၌ ထူထောင်ပေးလျက်ရှိကြောင်း၊ ယခုအခါကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၄ ခု ရှိပြီဟု သိရကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျေးရွာပေါင်း ၃၂၄၇ ရွာအနက် ကျေးရွာ ၁၉၈၅ ရွာ၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ပြီးဖြစ်၍ ၆၁ ရာခိုင်နှုန်း ဖွင့်လှစ်နိုင်ပြီ ဖြစ်ပါကြောင်း။

များးစွာဂုဏ်ယူ

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းသည် ပြည်နယ်နှင့်တိုင်းအသီးသီးမှ စေတနာရှင် ပြည်သူများက စာအုပ်စာပေနှင့်စာပေဒါနများကို စေတနာထက်သန်စွာ လှူဒါန်းကြ၍လည်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင်လည်း ဒေသနေပြည်သူများက စေတနာ ထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြ၍ ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်နိုင်ခဲ့သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခြင်းကြောင့် ကျေးလက်နေ လူကြီးလူငယ် ပြည်သူများအလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်ခြင်း၊ အသိပညာဗဟုသုတ တိုးပွားခြင်း၊ အမှန်နှင့်အမှားကို ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ ကိုယ်ကျင့်တရားကောင်းမွန်စေခြင်းနှင့် နိုင်ငံတော်ကို အလုပ်အကျွေးပြုသည့် သားကောင်း သမီးကောင်း ရတနာများ ပေါ်ထွန်းလာစေခြင်း စသည့် အကျိုးတရားများခံစားရရှိကြမည်ဖြစ်ကြောင်း။

ယင်းသို့ အကျိုးကျေးဇူးများပြားလှသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေ၊ ပစ္စည်းနှင့်စာအုပ်စာပေလှူဒါန်းကြသော အလှူရှင်များအား ကောင်းမြတ်သော အသိပညာဗဟုသုတများ တိုးပွားရရှိပါစေကြောင်းကို ဆုမွန်ကောင်းတောင်းရင်း စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း စောင့်ရှောက်ထိန်းသိမ်းကြပါဟုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာပေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက် နှင့်အလှူငွေများ ပေးအပ်လှူဒါန်းကြသည့် အလှူရှင်များအား ကျေးလက်နေ ပြည်သူများကိုယ်စား အထူးကျေးဇူး တင်ရှိပါကြောင်းကို ဦးစွာပြောကြားလိုပါကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း၊ ပညာဖြင့်အရာရာကို စေစားနိုင်သည့်အခါသမယတွင် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်အောင် ပညာရည်မြင့်မားရေးကို အလေးပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူ လေ့လာနေသော လူ့ဘောင်ဖြစ်အောင် ကိုယ်တိုင်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ လူငယ်လူရွယ်များသည် နိုင်ငံတကာအဆင့်မီပညာရပ်များကို အလွယ်တကူသင်ယူ နိုင်ခွင့်ရရှိနေကြပြီဖြစ်ကြောင်း။

သို့ရာတွင် ကျေးလက်နေပြည်သူများအတွက် အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းနည်းပါးနေသေးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်လူဦးရေ၏ ၇၀ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ရာ ၎င်းတို့၏အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖွင့်လှစ်ရေးစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ရာ မြန်မာနိုင်ငံတွင် ကျေးရွာ ၆၁၉၄၉ ရွာ ရှိသည့်အနက် ၂၀၀၆ ခုနှစ် ဧပြီ ၁၈ ရက်အထိ တစ်နိုင်ငံလုံး၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၃၅၄ခုကို ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၁၉၈၅ ခုရှိပြီဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တစ်နိုင်ငံလုံးရှိ ကျေးရွာတိုင်းတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် များဖွင့်လှစ်နိုင်ပြီဟု ဆိုနိုင်ကြောင်း၊ ကမ္ဘာပေါ်တွင် ကျေးရွာတိုင်း၌ စာကြည့်တိုက်ရှိသော နိုင်ငံမှာ မိမိတို့ နိုင်ငံဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံကြီးများ၌ပင် ကျေးရွာတိုင်း၌ စာကြည့်တိုက်မရှိသေးကြောင်း၊ ထို့ကြောင့် မိမိတို့သည်အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည် ဖြစ်ကြောင်း။

ဤကဲ့သို့အမျိုးသားရေးတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ နိုင်ငံတော်၊ ပြည်သူနှင့် စေတနာရှင်၊ အလှူရှင်တို့၏ အားများကြောင့်ပင်ဖြစ်ကြောင်း၊ စေတနာရှင်၊ အလှူရှင်ပြည်သူများ၏အားမှာ အရေးပါလှကြောင်း၊ မိမိတို့ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ (၁၁)ကြိမ် ကျင်းပပြီးစီးခဲ့ရာတွင် လှူဒါန်းသည့်စာအုပ်စုစုပေါင်းမှာ ၁၇ သိန်းကျော်ရှိ၍ ယင်းစာအုပ်များ၏ တန်ဖိုးမှာ ငွေကျပ် ၁၂၀၃ သိန်းကျော်ဖြစ်ကြောင်း၊ ထို့အတူ ငွေသား အလှူတန်ဖိုးမှာ ငွေကျပ်သိန်း ၅၆၀ကျော် ဖြစ်ကြောင်း။

ယနေ့ လှူဒါန်းလိုက်သော စာအုပ်စာတမ်းနှင့်ပစ္စည်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ၌သာ အသုံးပြုသွားမည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထူထောင်ပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ အရှည်တည်တံ့ခိုင်မြဲအောင် ရေရှည် လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်ရေး၊ ရရှိပြီး စာအုပ်စာတမ်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရသကဲ့သို့ စာအုပ်စာတမ်းအသစ်များ တိုးပွားရရှိလာအောင်ငွေပဒေသာပင် စိုက်ထူထားရှိရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့်ကျေးရွာများ၌အဆောက်အအုံဖြစ်လာအောင် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများစုံလင်လာအောင် ဆောင်ရွက်ရေးနှင့် စာကြည့်တိုက်ထိန်းသိမ်းရာတွင်ကျွမ်းကျင်သောစာကြည့်တိုက်မှူးများရရှိလာအောင် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များကို ဒေသဆိုင်ရာ အာဏာပိုင်များ၊ ဖွဲ့စည်းပြီးဖြစ်သော စာကြည့်တိုက်ကော်မတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများဟူသော အားလေးအားဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်တိုက်တွန်းပါကြောင်းဖြင့်အကျယ်တဝင့်ပြောကြားသွားသည်။

ယင်းနောက် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်း အစီအစဉ်ကို ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့က ၂၁ လက်မရုပ်မြင်သံကြားဖမ်းစက်တစ်လုံးနှင့် စာအုပ်မျိုးစုံ ၁၅၀ကို လည်းကောင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းက တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းငွေ ကျပ် ၁၀ သိန်းကို လည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို လည်းကောင်း ပေးအပ် လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်သည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ များမှလှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက်များကို လက်ခံစဉ်။ (သတင်းစဉ်)

ပြန်လည်ပေးအပ်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်က ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကလှူဒါန်းသော ၂၁ လက်မ ရုပ်မြင်သံကြားဖမ်းစက် ၁၂ လုံး၊ ၁၄ လက်မ ရုပ်မြင်သံကြားဖမ်းစက် သုံးလုံးတို့ကိုလည်းကောင်း၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ၁၀ လုံးနှင့်ရေဒီယိုအလုံး ၃၀ ကို လည်းကောင်း၊ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြား ဖမ်းစက် ၁၃ လုံးကိုလည်းကောင်း၊ မိုင်းဆတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် ကိုးလုံး၊ ကက်ဆက် ၁၀ လုံးနှင့် စာအုပ်မျိုးစုံ တို့ကို လည်းကောင်း လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က လှူဒါန်းသော ရုပ်မြင်သံကြား ဖမ်းစက်တစ်လုံးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဆည်မြောင်း ဦးစီးဌာနက လှူဒါန်းသော ငွေကျပ် တစ်သိန်းတို့ကိုလည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာနက လှူဒါန်းသောငွေကျပ် ၅၀၀၀၀၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဌာနဆိုင်ရာများကလှူဒါန်းသောကက်ဆက်တစ်လုံး၊ ရေဒီယိုငါးလုံး၊ စာအုပ်မျိုးစုံ ၇၅၀၊ စားပွဲ၊ ကုလားထိုင် တစ်စုံနှင့် ဦးစိုင်းအင်-ဒေါ်နန်းဆိုင်ဖောင်းတို့ လှူဒါန်းသောငွေကျပ် နှစ်သိန်း တို့ကိုလည်းကောင်း အသီးသီး လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၃

ကျောဖုံးမှ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ သူနာပြု ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွား အကအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က မြို့ပတ်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က မြို့ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြကာ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျေးဇူးတင်

ရှေးဦးစွာ ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးခင်ကျော်က မြို့ပတ်လမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက မြို့ပတ်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် တည်ဆောက်ပေးမှုအပေါ် ဒေသခံပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကားပြောကြားသည်။

တိုးမြှင့်ဆောင်ရွက်

အဆိုပါ ကျိုင်းတုံမြို့–မြို့ပတ်လမ်းကတ္တရာလမ်းသစ်မှာ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ပေရှိပြီး ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးနှင့် ဒေသတစ်ခုနှင့်တစ်ခု ကူးလူးဆက်ဆံသွားလာမှု လွယ်ကူစေရေးတို့အတွက် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိနေသေးသော မြေသားလမ်းပေ ၂၅၄၀ ကို၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထိမ်းအမှတ်

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ကျိုင်းတုံမြို့–မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်တို့ထံ ပေးအပ်သည်။

စာမျက်နှာ ၃ မှ

အစီအစဉ်အရ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ စစ်ကိုင်း တိုင်းအတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာရီရီလွင်ကလည်းကောင်း၊ တနင်္သာရီတိုင်း အတွက်အစီရင် ခံစာကိုတွဲဖက် အတွင်းရေးမှူးဒေါက်တာသန္တာမျိုးဝင်းကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) အတွက်အစီရင်ခံစာကိုတွဲဖက် အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်းကလည်းကောင်း၊ ပဲခူးတိုင်း(အနောက်) အတွက်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ဥမ္မာကလည်းကောင်း၊ မကွေးတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်တင်တင်ထွေးကလည်းကောင်း၊ မွန်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာမေသက်ဆွေကလည်းကောင်း၊ မန္တလေးတိုင်းအတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာခင်မေသစ်ကလည်းကောင်း၊ ရခိုင်ပြည်နယ်အတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာစန်းစန်းကြည်ကလည်းကောင်း၊ ရန်ကုန်တိုင်းအတွက် အစီရင်ခံစာကို တွဲဖက် အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းကလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းသင်းလေးက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာနန်းကိန်းဖောင်းတစ်ကလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွက် အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်ကြူကြူလှကလည်းကောင်း၊ ဧရာဝတီတိုင်းအတွက် အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစောသန္တာမြင့်က လည်းကောင်း အသီးသီးဖတ်ကြား တင်သွင်းကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းကိုယ်စားလှယ်များက တင်သွင်းကြသည့် အစီရင်ခံစာများအပေါ် သဘာပတိက သုံးသပ်အကြံပြုဆွေးနွေးပြီး နှစ်ပတ်လည် အစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ဆောင်ရွက်ချက်များ အချိန်နှင့်တစ်ပြေးညီပြည်သူများသိရှိရေး ပြန်ကြားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ပြသဖြန့်ချိ ရုပ်မြင်သံကြားနှင့်သတင်းစာကို လွယ်ကူစွာဖတ်ရှု ကြည့်မြင်နိုင်အောင်စီစဉ်

ရန်ကုန် မေ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)သို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိကြရာ ပြည်နယ်ဦးစီးမှူး ဦးစိုးစိုး၊ အကြံပေးအရာရှိ ဒေါ်နန်းနွတ်နှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ရုပ်မြင်သံကြားပြခန်း၌ နံရံကပ်စာစောင်ပြခန်း၊ ပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် စာကြည့်တိုက်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့်မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့မှ လုပ်ငန်းတာဝန်ခံများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးစိုးစိုးက ပဏာမ ရှင်းလင်းတင်ပြပြီး ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်နှင့် တာချီလိတ်ခရိုင်တို့မှ ခရိုင်ဦးစီးမှူးများက ခရိုင်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

နှစ်စဉ်တိုးတက်ပြသ

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လွယ်မွေရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်က ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ ထုတ်လွှင့်ပေးနိုင်မှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိမှုအခြေအနေ၊ တိုးတက်ထုတ်လွှင့်ပေးနိုင်မည့် အစီအစဉ်နှင့် ထပ်ဆင့်လွှင့်စက်ရုံများ ထိန်းသိမ်းစောင့်ရှောက်ထားမှုအခြေအနေများကို လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)မှ စာတည်းတာဝန်ခံဦးတင်ကျော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများ ရိုက်နှိပ်ဖြန့်ချိပေးနေမှု အခြေအနေ၊ သတင်းစာစောင်ရေ တိုးတက်ထုတ်လုပ်ဖြန့်ချိနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဦးစီးအရာရှိ ဦးစောနိုင်က မော်ကွန်းရုပ်ရှင်ကားများနှစ်စဉ် တိုးတက်ပြသပေးနိုင်မှုအခြေအနေနှင့် ပြည်နယ်အတွင်းရှိ ရုပ်ရှင်လုပ်ငန်း၊ ဗီဒီယိုလုပ်ငန်းအခြေအနေတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်သူများဗဟုသုတတိုးပွားရေးနှင့်နိုင်ငံတော်၏ဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ကြရေးအတွက် ပြန်ကြားရေးလုပ်ငန်းများဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာနှင့် ရုပ်ရှင်တို့ကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လွှင့်ပြသဖြန့်ချိနိုင်ရေး၊ ပြည်သူများအား ရုပ်မြင်သံကြား၊ ရေဒီယိုနှင့်သတင်းစာအလွယ်တကူဖတ်ရှု၊ ကြည့်ရှုနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် အဖွဲ့ဝင်များနှင့်အတူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းနှင့် တာဝန်ရှိသူများက ကိုယ်ပွားသတင်းစာတိုက်ရှိ Shinohara-66 ရွက်ထိုး OFF-Set နှစ်လုံးဖြင့် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများ ပုံနှိပ်ထုတ်လုပ်မှုအခြေအနေများကို လှည့်လည် ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ) အဆောက်အအုံ၊ စက္ကူသိုလှောင်ရုံနှင့်စက်ရုံပတ်ဝန်းကျင်အခြေအနေများကိုလှည့်လည် ကြည့်ရှုစစ်ဆေးပြီး ကိုယ်ပွားသတင်းစာတိုက်ရှိဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **(သတင်းစဉ်)**

ကရင်ပြည်နယ်၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာသီသီဝင်း ဖတ်ကြား တင်သွင်းစဉ်။
(သတင်းစဉ်)

မန္တလေးတိုင်း၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မေသစ် ဖတ်ကြား တင်သွင်းစဉ်။
(သတင်းစဉ်)

မွန်ပြည်နယ်၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာဒေါ်မေသက်ဆွေ ဖတ်ကြားတင်သွင်းစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ ၂၀၀၅ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ ဖတ်ကြား တင်သွင်းစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်၏ ၂၀၀၅ ခုနှစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါက်တာစန်းစန်းကြည် ဖတ်ကြားတင်သွင်းစဉ်။
(သတင်းစဉ်)

ကယားပြည်နယ်၏ ၂၀၀၅ခုနှစ်အတွက်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညို ဖတ်ကြားတင်သွင်းစဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ရာသီဥတုရုတ်တရက်ပြောင်းလဲသွားမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောကြားရာတွင် "အခုရက်ပိုင်းအတွင်း မိုးရုတ်တရက်ရွာခြင်းသည် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းဖြစ်ပေါ်နေ၍ ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

မှ တွက်လျှင် နောက် ၁၇နာရီခန့်၌ သံတွဲမြို့ကို ဖြတ်သန်း တိုက်ခတ်နိုင်ကြောင်း ဂွမြို့နှင့် သံတွဲမြို့တို့သည် မုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာ လမ်းကြောင်းပေါ်ကျ ရောက်နေကြောင်း" ရှင်းပြသည်။

ယခုအချိန်တွင် မုန်တိုင်းရှေ့စက်ကွင်းအနေဖြင့် မြစ်ဝကျွန်းပေါ်အချို့ ဒေသများ၌ စတင်ဖြတ်သန်း



"ဘင်္ဂလားပင်လယ်အော်တွင် မာလာ အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းကြီး ယခုကဲ့သို့ ဖြစ်ပေါ်နေ" ဦးထွန်းလွင် (ညွှန်ကြားရေးမှူးချုပ်) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဆက်လက်၍ "ဘင်္ဂလားပင်လယ်အော်မှာဖြစ်ပေါ်နေသည့် ဟာရီကိန်းတမျှ ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အလွန်အားကောင်းသဖြင့် လက်ရှိ အနေအထားအရ ဧပြီ၂၈ရက် ၁၂နာရီအချိန်အထိ ပုသိမ်မြို့ အနောက်တောင်ဘက် ၂၁၅မိုင်အကွာ၊ မော်တင်စွန်းမှ မိုင် ၁၅၀ခန့် အကွာ ပင်လယ်ကို ဗဟိုပြု၍ ဖြစ်ပေါ်နေကြောင်း"ရှင်းပြသည်။

အဆိုပါမုန်တိုင်းရွေ့လျားမှုနှင့် ပတ်သက်ပြီး မေးမြန်းရာတွင် "မုန်တိုင်းမှာ မြစ်ဝကျွန်းပေါ်ကမ်း ရိုးတန်းဒေသအချို့ကို စတင်ဖြတ် ကျော်နေပြီး အရှေ့မြောက်ဘက်ကို ဦးတည်ရွေ့လျားကာ ရခိုင်ကမ်းရိုးတန်းဘက်သို့ တစ်နာရီလျှင် ၁၅မိုင်မှ စတင်ကာ ပိုမိုလျင်မြန်သော နှုန်းဖြင့် ရွေ့လျားလျက်ရှိနေကြောင်း"ပြောကြားသည်။

ယခုဖြစ်ပေါ်နေသော မုန်တိုင်းကို မာလာ (MaLa) ဟု အမည်ပေးထားပြီး အလွန်အင်းအား ပြင်းထန်သော မုန်တိုင်းကြီးတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းတွင် တွေ့ရခဲ့သော မုန်တိုင်းမျက်စိ (Eye wall) ပါဝင်သည့် မုန်တိုင်းဖြစ်ပြီး မုန်တိုင်းမျက်စိကို ဝန်းရံထားသော မုန်တိုင်းနံရံအတွင်း တိုက်ခတ်သည့် လေသည် အရှိန်နှုန်းမြင့်ကာ တစ်နာရီ မိုင် ၁၅၀ အတွင်း တိုက်ခတ်တတ်သည့် မုန်တိုင်းလည်းဖြစ်သည်။

မာလာမုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာလမ်းကြောင်းနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဦးထွန်းလွင်က "ယခုလက်ရှိ အနေအထားအရ သံတွဲမြို့ရဲ့ ၂၉၅မိုင်ခန့် အကွာ၌ရှိနေသဖြင့် ဧပြီ ၂၈ရက် မွန်းတည့် ၁၂ နာရီအချိန်

နေပြီဖြစ်ရာ ပုသိမ်မြို့၌ မိုးများရွာသွန်းလျက်ရှိနေပြီး လေပြင်းများလည်း တိုက်ခတ်နေပြီ ဖြစ်သည်။

ယခုမာလာမုန်တိုင်းသည် အားကောင်းသော မုန်တိုင်းကြီးတစ်ခုဖြစ်သည့်အတွက် မုန်တိုင်းအကျယ်အဝန်းကြီးမားကာ မုန်တိုင်းအတွင်း၌ပင် လေစိုင်ဝဲများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

မာလာမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့်

မိုးလေဝသဂြိုဟ်တုမှ ပေးပို့သော မုန်တိုင်းရွေ့လျားမှုပုံရိပ်ကို ဖမ်းယူနေကြသည့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဝန်ထမ်းများ။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး မုန်တိုင်းဒီရေများ ၁၂ပေအထိ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ကမ်းရိုးတန်းနှင့် ပင်လယ်ပြင်တို့တွင် သွားလာနေသော ရေယာဉ်များဘေးကင်းရာသို့ ရှောင်ကြရန်နှင့် ကမ်းရိုးတန်းနေပြည်သူများမုန်တိုင်း ဒီရေအန္တရာယ်မှ ဘေးအန္တရာယ် ကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန်လည်း သတိပေးထားပြီးဖြစ်ကြောင်း ဦးထွန်းလွင်က ရှင်းပြသည်။

ထို့ကြောင့် ရာသီဥတုပြောင်းလဲမှု မုန်တိုင်းဖြစ်ပေါ်မှုနှင့် ထူးခြားသော ရာသီဥတုဖြစ်စဉ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာနအနေဖြင့် အချိန်နှင့် တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များဖော်ပြလျက်ရှိပါကြောင်း ပြည်သူတို့ အချိန်မီသိရှိနိုင်ရန် တွေ့ဆုံမေးမြန်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စာမျက်နှာ ၁၀ မှ

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က ဦးမြင့်သိန်း (ရွှေမြို့တော်မော်တော်ယာဉ်) လှူဒါန်းသော ငွေကျပ် တစ်သိန်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၂)နှင့် အထူးဒေသ(၄) တို့က လှူဒါန်းသော ရုပ်မြင်သံကြားဖမ်းစက် တစ်လုံးစီနှင့် ကျိုင်းတုံ တပ်နယ်က လှူဒါန်းသော ငွေကျပ် ၁၂၃၀၀၀ တို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင်တိုင်းမှူးနှင့် ဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယနေ့ကျင်းပသော အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင် ၈၉ဦးတို့က ရုပ်မြင်သံကြားဖမ်းစက် ၅၁ လုံး၊ ကက်ဆက် ၁၁ လုံး၊ ရေဒီယို ၃၅ လုံး၊ စာအုပ်စာစောင်မျိုးစုံ ၄၆၄၆ အုပ်၊ ငွေသားအလှူငွေကျပ် ၂၇၁၁၅၀၀ တို့ကို လှူဒါန်းကြရာ ပစ္စည်းတန်ဖိုး ငွေကျပ် ၅၃၄၉၄၅၀၊ စာအုပ်စာစောင် တန်ဖိုး ငွေကျပ် ၇၇၉၀၀၀ ဖြစ်ပြီး ငွေသားအလှူငွေအပါအဝင် စုစုပေါင်း ငွေကျပ် ၈၈၃၉၉၅၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အခမ်းအနား တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းတက်ရောက်၊ လှုပ်ရှားမှုဓာတ်ပုံများကြည့်ရှု

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၆)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်၈ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်သန်းသန်းနွဲ့၊ နာယက အဖွဲ့ဝင်များ၊ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာ မြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့်ဗဟိုအလုပ်အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ် နှင့် တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွဲ့၊ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်ဝန်၊ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဧပြီ ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ဧပြီ ၁၉ရက်တွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်လတ်၊ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာလူ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပူးပေါင်းလက်တွဲ

ရှေးဦးစွာ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာလူက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဘက်ဘက်မှ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရန်၊ အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှုတားဆီးကာကွယ် ရေးလုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့်ပြန်လည်နေရာ ချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (HIV / AIDS) တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများ အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းများ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက် သွားရန် မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်စိန်က ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

အားပေးစကားပြောကြား

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်သည် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း၌ခင်းကျင်းပြသထားသည့် လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ဖွင့်လှစ်ထားသော စက်ချုပ်သင်တန်းနှင့် အခြေခံ ကွန်ပျူတာသင်တန်းများသို့ သွားရောက်ပြီး သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရ ဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၆ ခုနှစ်ဧပြီလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၃၀-၄-၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆)ရက်နေ့

နှင့်

(၂၈-၅-၂၀၀၆)ရက်နေ့

မေးခိုင်ကာကွယ်ဆေးထိုးခြင်းမြို့နယ်အဆင့်သင်တန်းဖွင့်

ဘုတ်ပြင်း ဧပြီ ၂၈

မြို့နယ်အဆင့် အသက် ၁၅နှစ်မှ ၄၅နှစ်အရွယ်အမျိုးသမီးများ မေးခိုင်ကာကွယ်ဆေးထိုးခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက် ၁နာရီခွဲက ဘုတ်ပြင်းမြို့သပြေခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာရဲမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာရဲမင်းဦးနှင့် ဆေးရုံဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကမ္ဘာတစ်လွှား အားကစား

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု (ခ) မှ ပါရာဂွေးအသင်းအနေအထားမိတ်ဆက်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဘာလင် ဧပြီ ၂၇

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးကား တစ်စတစ်စ နီးကပ်လာပြီဖြစ်သည်။ ကမ္ဘာ့ဖလား ပြိုင်ပွဲဝင် ဘောလုံးအသင်းများလည်း မိမိတို့အသင်းကို အကောင်းဆုံး အနေအထားရောက်အောင် ပြင်ဆင်နေကြပြီ ဖြစ်သည်။ လူရွေးချယ်မှု၊ နေရာချထားမှုနှင့် နည်းဗျူဟာ အခင်းအကျင်းများကိုလည်း အချိန်နှင့်အမျှ ပြင်ဆင်နေပြီဖြစ်ရာ မြန်မာ့အလင်းဘောလုံးပရိသတ်များအတွက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် ၃၂ သင်း အနက် ပါရာဂွေး ဘောလုံးအသင်း၏ အနေအထားကို Yangon Intertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကိုအခြေခံပြီး ကိုးကားရေးသား ဖော်ပြလိုက်ပါသည်။

ပါရာဂွေးအသင်း

ပါရာဂွေးအသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တောင်အမေရိကဇုန်၌ ဒုတိယနေရာမှ ခြေစစ်ပွဲ အောင်မြင်လာသော အသင်းဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပွဲ သမိုင်းတွင် ပါရာဂွေးတို့ ၁၉၃၀ ပြည့်နှစ်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး အမြင့်ဆုံးအောင်မြင်မှုများမှာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဒုတိယအဆင့်နှင့် ၂၀၀၂ ခုနှစ်တွင် ဒုတိယအဆင့်တို့အထိ ရောက်ရှိခဲ့သည့် မှတ်တမ်းရှိနေသည်။

တောင်အမေရိက ဘောလုံးအသင်းပီပီ ပြိုင်ဘက်အသင်းကို အကြောက်အရွံ့မရှိ ကစားတတ်ကာ အဝင်အထွက်မြန်မြန်ဖြင့် တစ်သင်းလုံး တိုက်စစ်အားပြု ကစားသည့် အသင်းလည်းဖြစ်သည်။ ပါရာဂွေးဘောလုံးသမားများအနေဖြင့် ပွဲချိန်နောက်ဆုံးပြီးခါနီးအထိ ကစားအားမချဘဲ ကစားတတ်သည့် အကျင့်ကောင်းရှိနေရာ ဘောလုံးပွဲရလဒ်ကို နောက်ဆုံးမိနစ်ပိုင်း၌ ပြောင်းလဲနိုင်သည်အထိ ကစားတတ်သူများလည်းဖြစ်သည်။

ပါရာဂွေးနည်းပြအနီဘယ်လ်ရစ်ဖ်
(ဓာတ်ပုံ-အင်တာနက်)

နည်းပြအပြောင်းအလဲ

ပါရာဂွေးအသင်း၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နည်းပြမှာ ယခုအချိန်အထိ သုံးဦးပြောင်းလဲခဲ့ပြီဖြစ်သည်။လက်ရှိနည်းပြမှာအနီဘယ်လ်ရစ်ဖ် ဖြစ်သည်။ ခြေစစ်ပွဲကာလ တစ်လျှောက်၌ နည်းပြအပြောင်းအလဲများ ရှိခဲ့ရာတွင် လက်ရှိနည်းပြ အနီဘယ်လ်ရစ်ဖ်လက်ထက်တွင် ပါရာဂွေး အသင်း နိုင်ပွဲများ အများအပြားရခဲ့သည်။ တောင်အမေရိကဇုန်၌ ခြေစစ်ပွဲကို ဒုတိယနေရာမှ အောင်မြင်အောင် ဆောင်ရွက်ပေးခဲ့ရာတွင် အနီဘယ်လ်ရစ်ဖ်၏အခန်းကဏ္ဍအဓိကပါဝင်ခဲ့သည်။

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပါရာဂွေးအသင်းအတွက် အားထားရမည့် တိုက်စစ်မှူး ရော့ကေးဆန်တာခရုဇ်။ (ဓာတ်ပုံ-အင်တာနက်)

ပါရာဂွေးအသင်းနှင့် ပတ်သက်ပြီး အနီဘယ်လ်ရစ်ဖ်က မိမိတို့အသင်း ပွဲကျပ်များ ကစားရမည်ဖြစ်သော်လည်း အနိမ့်ဆုံး ကွာတားဖိုင်နယ် အထိရောက်ရှိမှာဖြစ်ပြီး အသွင်ပြောင်းလဲထားသည့် ပါရာဂွေး၏ ခြေစွမ်းက မထင်မှတ်သော ရလဒ်များကို ရယူသွားမှာပါဟု ပြောကြားသည်။

ပါရာဂွေးဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

စောင့်ကြည့်ရမည့်ဘောလုံးသမား

လူငယ်ပါရမီရှင်များ ပါဝင်သည့် ပါရာဂွေးဘောလုံးအသင်းတွင် အထူးအားထားရမည့် ကစားသမားမှာ တိုက်စစ်မှူး ရော့ကေးဆန်တာခရုဇ် ဖြစ်သည်။ ပါရာဂွေးဘောလုံးပရိသတ်၏ အချစ်တော်တစ်ဦးဖြစ်ပြီး အသက် ၁၇ နှစ်အရွယ်ကပင် နိုင်ငံ့လက်ရွေးစင်ဖြစ်နေသူဖြစ်သည်။

ဆန်တာခရုဇ်သည် အလွန်လျင်မြန်သော တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ထူးထူးခြားခြား ဘယ်ခြေ၊ ညာခြေနှစ်မျိုးစလုံး အားသန်စွာ အသုံးချနိုင်ခြင်းဖြစ်သည်။ လျင်မြန်ပြီး အားပါသည့် သူ၏ကန်ချက်များက ပြိုင်ဘက်ဂိုးသမားများအတွက် အလွန်အန္တရာယ်ကြီးသော ဘောလုံးများပင် ဖြစ်သည်။ ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားနေပြီး အားထားရသည့် ဘောလုံးသမားဖြစ်သည်။ ဂျာမနီဘောလုံးကွင်းများနှင့် မစိမ်းသူဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပွဲစဉ်များကစားရာတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ရော့ကေးဆန်တာခရုဇ်အပြင် လူငယ်တိုက်စစ်မှူး နယ်လ်ဆင်ဗဲလ်ဒက်ဇ်၊ လူငယ်ဂိုးသမား ယပ်စ်တိုဗီလာတို့ကဲ့သို့ ထူးချွန်သော ပါရမီရှင်လေးများကလည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အစွမ်းပြကြမည်ဖြစ်သည်။ ရော့ကေးဆန်တာခရုဇ်အနေဖြင့် ကြံ့ခိုင်မှုအပြည့်အဝဖြင့် ကစားနိုင်လျှင် သူ့အားထိန်းနိုင်မည့် နောက်တန်းခံစစ်မှူးများမရှိသလောက်ပင်ဖြစ်သည့်အနေအထားရှိသည်။

ကစားသမားများ၏အသက်အရွယ်

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပါရာဂွေးအသင်းတွင် အားကစားသမားများ၏ ပျမ်းမျှအသက်သည် ၂၄ နှစ်ခန့်သာရှိရာ အသက်အငယ်ဆုံး ဘောလုံးသမားများမှာ ကွင်းလယ်သမား ခရစ်တယ်တိုဖြစ်ပြီး အသက် ၂၀ နှစ်ခန့်သာရှိသေးသည်။ လူငယ်များကိုသာ အဓိကပွဲထုတ် ကစားမည်ဟု နည်းပြ အနီဘယ်ရစ်ဇ်က ပြောကြားထားရာ ပါရာဂွေး၏ လူငယ်ဘောလုံးသမား ခြေစွမ်းကို စောင့်ကြည့်ရမည်ဖြစ်သည်။

အုပ်စုပွဲစဉ်

ပါရာဂွေးအသင်းသည် အုပ်စု (ခ)တွင်ပါဝင်ရာ ဇွန် ၁၀ ရက်တွင် အင်္ဂလန်အသင်းနှင့် လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် ဆွီဒင်အသင်းနှင့် လည်းကောင်း၊ ဇွန် ၂၀ ရက်တွင် ထရီနီဒက်နှင့် တိုဘာရိုအသင်းနှင့် လည်းကောင်း၊ ကမ္ဘာ့ဖလားအုပ်စု ပွဲများကို ကစားရတော့မည် ဖြစ်သည်။ အုပ်စုအနေအထားအရ ပါရာဂွေးတို့ အုပ်စုတက်ရန် ရေပန်းမစားသော်လည်း ခြေစစ်ပွဲ၌ တောင်အမေရိက ဘောလုံးအင်အားကြီးများကို ကျော်ဖြတ်ကာ ဒုတိယနေရာမှ ခြေစစ်ပွဲ အောင်လာသည့် အနေအထားရှိနေရာ အုပ်စု(ခ)မှ အင်္ဂလန်နှင့် ဆွီဒင်တို့ကို မည်သို့ ကျော်ဖြတ်နိုင်မည်ကို စောင့်ကြည့်ရပေတော့မည်။ ။

(မြန်မာ့အလင်း)

ယူအီးအက်ဖ်အေဖလား ဖိုင်နယ်ပွဲ မစ်ဒယ်ဘရော့နှင့်အက်ဖ်စီဆီဗီလာတို့ နွဲမည်

လန်ဒန် ဧပြီ ၂၈

ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် မစ်ဒယ်ဘရော့နှင့် စတုအာဘူခါရက်စ်၊ အက်ဖ်စီဆီဗီလာနှင့် ရှော်ကေး ၀၄ တို့ ဧပြီ ၂၇ ရက်က ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့နှင့် အက်ဖ်စီဆီဗီလာ အနိုင်ရရှိပြီး ယူအီးအက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် စတုအာဘူခါရက်စ်

မစ်ဒယ်ဘရော့ကွင်း ရေးဗားဆိုက်၌ ဧည့်သည်ဘူခါရက်စ်တို့ အဖွင့် ဂိုးနှစ်ဂိုးသွင်းယူပြီးမှ မစ်ဒယ်ဘရော့တို့ ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သည်။ စတုအာဘူခါရက်စ်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ဒီကာက ၁၆ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ၂၄ မိနစ်တွင် ဒိုရင်ရိုရန်က မစ်ဒယ်ဘရော့ ဂိုးဧရိယာအတွင်း ညာခြေဖြင့် အနိမ့်ဘောကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့အတွက် ချေပဂိုးကို ၃၃ မိနစ်တွင် မာကာရွန်းက တစ်ဂိုး၊ ၆၄ မိနစ်တွင် ဗီဒူကာက တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့အတွက် အနိုင်ဂိုးများကို ၇၃ မိနစ်တွင် ရစ်ဂေါ့တ်က တစ်ဂိုး၊ ၈၉ မိနစ်တွင် မာကာရွန်းက တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နှစ်ပွဲပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အက်ဖ်စီဆီဗီလာနှင့် ရှော်ကေး ၀၄

ယူအီးအက်ဖ်အေဖလား ပထမအကျော့အကြို ဗိုလ်လုပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သဖြင့် ယခုပွဲတွင် မိနစ် ၉၀ အချိန်ပြည့် ကစားခဲ့ရာ၌လည်း ဂိုးမရှိသရေပွဲ ဖြစ်နေခဲ့သည်။ အချိန်ပိုကစားခဲ့ရာမှ ပွဲချိန် ၁၀၁ မိနစ်တွင် အက်ဖ်စီဆီဗီလာမှ အင်တိုနီရိုပေါ်တာက ရှော်ကေးဂိုး ဧရိယာအတွင်းမှ ဘယ်ခြေဖြင့် အနိမ့်ဘောကန်သွင်းယူခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်ဖ်စီဆီဗီလာသည် နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ယူအီးအက်ဖ်အေ ဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ယူအီးအက်ဖ်အေဖလားဗိုလ်လုပွဲအဖြစ် မစ်ဒယ်ဘရော့နှင့် အက်ဖ်စီဆီဗီလာတို့ ကစားကြရမည်ဖြစ်သည်။ (အင်တာနက်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဘာစီလိုနာနှင့်အေစီမီလန်တို့ ဂိုးမရှိသရေကျ ဘာစီလိုနာဗိုလ်လုပွဲတက်ရောက်

ဘာစီလိုနာ ဧပြီ ၂၇

ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အကြို ဗိုလ်လုပွဲအဖြစ် ဘာစီလိုနာနှင့် အေစီမီလန်အသင်းတို့ ဘာစီလိုနာကွင်း အီစတာဒိုင်ရိုကင့်နူ၌ ဧပြီ ၂၆ ရက်က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေပွဲဖြစ်ခဲ့သဖြင့် ဘာစီလိုနာက နှစ်ပွဲပေါင်း ရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီ ဖြစ်သည်။

ကစားခဲ့

ဘာစီလိုနာတို့ မိမိကွင်း၌ အနိုင်ရရေး ထိပ်တန်းကစားသမားများကို ထုတ်သုံးခဲ့ရာ အီတူး၊ ရော်နယ်ဒင်ဟို၊ ဘာရွမ်းဟော့၊ ဒေကို၊ ရူလီစသည့် နာမည်ကြီး ဘောလုံးသမားများကို ပွဲအစမှာပင် ထုတ်သုံးခဲ့သည်။ အေစီမီလန်တို့ ကလည်းရှက်ချင်ကို၊ အင်ဇာဂီ၊ ဆာဂျင်ဟို၊ ဆီးဒေါ့ဖ်၊ ပီယာလို၊ ကာကာနှင့် ဂျက်စတမ်းစသည့် ထိပ်တန်းကစားသမားအပြည့် ထည့်သွင်းကစားခဲ့သည်။

ဘာစီလိုနာတို့ အိမ်ကွင်းတွင် ဖိဖိစီးစီးကစားခဲ့ရာ ရော်နယ်ဒင်ဟို၊ အီတူးတို့ ထိုးဖောက်ကစားမှုများကို အေစီမီလန် ခံစစ်မှူးများဖြစ်သည့် ဂျပ်စတမ်း၊ ကာလက်ဇီ၊ ကော်တာကူရာတာနှင့် ဂတ်တူဆိုတို့က ဟန့်တားနိုင်ခဲ့သလို အေစီမီလန် ဂိုးသမား ဒီဒါကလည်း ကာကွယ်ပေးခဲ့သည်။

ထို့အတူ ရှက်ချင်ကို၊ အင်ဇာဂီနှင့် ဆာဂျင်ဟိုတို့ တိုက်စစ်ကို ဘာစီလိုနာ ခံစစ်မှူးများက ကြိုးစားဟန့်တားခဲ့သဖြင့် ထိရောက်သော ဂိုးသွင်းမှု မပြုလုပ်နိုင်ခဲ့ချေ။

အချိတ်အဆက်

ချန်ပီယံလိဂ်ဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ပွဲဖြစ်သဖြင့်နှစ်သင်းလုံး ထိန်းထိန်းသိမ်းသိမ်းကစားခဲ့ရာ တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုမှာလည်း ဆန္ဒစောနေမှုကြောင့် အချိတ်အဆက်နှင့် နားလည်မှုလွဲချော်နေခဲ့သည်။ အီတူးနှင့် ဒေကိုတို့၏ အေစီမီလန်ဂိုးဧရိယာအတွင်း ကြိုးစားမှုများမှာလည်း အရာမထင်ခဲ့ချေ။

ဒုတိယပိုင်းတွင် ဘာစီလိုနာမှ ဂူလီအစား လာဆင်၊ အီတူးအစား ဗင်ဘွန်မဲလ်တို့ ဝင်ရောက်ကစားခဲ့သော်လည်း ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။ ထို့အတူအေစီမီလန်တို့က လည်း ဒုတိယပိုင်းတွင် ကော့စကာကူရာတာအစား ကာဖူး၊ ဂတ်တူဆိုအစား ရေးကော်စတာ၊ အင်ဇာဂီအစား ဂီလာဒီနိုတို့ ဝင်ရောက်ကစားခဲ့ရာ ကစားအား အနည်းငယ်တက်လာသော်လည်း တစ်ဂိုးမျှမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။

ဂိုးမရှိသရေပွဲဖြစ်ခဲ့သဖြင့် နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် ဘာစီလိုနာတို့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။ ဗိုလ်လုပွဲတွင် အာဆင် နယ်နှင့် ကစားရတော့မည်ဖြစ်ရာ ချန်ပီယံလိဂ်ဆု မည်သူရမည်ကို စောင့်ကြည့်ရပေတော့မည်။

(အင်တာနက်)

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ တွင် ဘာစီလိုနာနှင့် အေစီမီလန် တို့ ယှဉ်ပြိုင်ကစားရာ၌ ဘာစီလိုနာမှ ရော်နယ်ဒင်ဟို (လယ်) ထိုးဖောက်ကစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးမောင်မောင်ကျော်(M.D ကျော်ရတနာမွန် လုပ်ငန်းစုကုမ္ပဏီလီမိတက်)-ဒေါ်ချိုချိုမြင့်
တို့၏သားတပည့်
ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၂၆၂)နေ
ဦးသိန်းလွင်-ဒေါ်ခင်ခင်ဆွေ
တို့၏တစ်ဦးတည်းသောသား

မောင်အောင်မြတ်သိန်း A.G.T.I (Civil)

Director, Kyaw Yadanamon Enterprise Co., Ltd.

နှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဝင်းသန်း-ဗိုလ်ကြီးဒေါ်ရီရီဝင်း(ငြိမ်း)
တို့၏သမီးကြီး

မခိုင်ဇင်ဝင်း(ခ)မလဲ့ရည်မိုး

B.Sc Hons (Zool)

(မြဝတီဘဏ်လီမိတက်)

တို့သည် ၂၃-၄-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးများ၏ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်မြတ်သိန်း-မခိုင်ဇင်ဝင်း(ခ)မလဲ့ရည်မိုး။

လက်ထပ်ပြီးစီးခြင်း

မုံရွာမြို့ နန္ဒဝန်ရပ်နေ
ဒေါက်တာကျော်မြင့်-ဒေါ်စန်းစန်းမြင့်တို့၏သား

ဗိုလ်ကြီးသက်ခိုင် M.B.,B.S (D.S.M.A)

D.M.R.T&D, C.C.E

နှင့်

မိတ္ထီလာမြို့ ပြည်သာယာ(၄)လမ်းနေ
ဦးခင်မောင်ဦး-ဒေါ်မာမာခင်တို့၏သမီး

ဒေါက်တာအိအိခင် M.B.,B.S (Mdy)

1st Yr. M.Med Sc. (E.N.T)

တို့သည် ၂၄-၄-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများနှင့်ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ လက်ထပ်ပြီးစီးပါကြောင်း။

ဗိုလ်ကြီးသက်ခိုင်-ဒေါက်တာအိအိခင်။

မုန်တိုင်းကြောင့်လေပြင်းကျရောက်နိုင်

ရန်ကုန် ဧပြီ ၂၈

ယနေ့ မြန်မာစံတော်ချိန် ညနေ၃နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ဖြစ်ပေါ်နေသော အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ဖွမြို့၏ အနောက်တောင်ဘက် မိုင် ၂၃၀ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းကြီးသည် အရှေ့မြောက်ဘက်သို့ ပိုမိုလျင်မြန်စွာ ရွေ့လျားနေပြီး မြစ်ဝကျွန်းပေါ်နှင့် ရခိုင်ကမ်းရိုးတန်းဒေသအချို့ကို စတင်ဖြတ်ကျော်လျက်ရှိကာ မုန်တိုင်း၏ ဗဟိုချက်သည် ယနေ့ညနေမှ နောက်၁၂နာရီအတွင်း ရခိုင်ပြည်နယ်တောင်ပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းကြီး၏အရှိန်ကြောင့် တစ်ပြည်လုံးတွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်၍ မိုးကြီးမည်။

မုန်တိုင်းကြီး ဗဟိုချက်၏အနီးတစ်ဝိုက်၌ တစ်နာရီလျှင် မိုင်၁၅၀ခန့်အထိ အများဆုံး လေပြင်းများတိုက်ခတ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၅၀မှ မိုင်၆၀ခန့်၊ တစ်ခါတစ်ရံ ၇၅မိုင်အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်စဉ် ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက်ရှိ အချို့ဒေသများတွင် မုန်တိုင်းဒီရေသည် ၈ပေမှ ၁၂ပေခန့်အထိ တက်ရောက်မည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ကောင်းမှုသုံးဖြာ မင်္ဂလာပွဲ

ရန်ကုန် ဧပြီ ၂၈

သံတွဲမြို့နယ် ငပလီကမ်းခြေ ဂျိတ္တောကျေးရွာ ပုလဲရတနာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အရှင်ဣန္ဒာစာရ ကြီးမှူးသော စာသင်တိုက်အကျိုးဆောင်အဖွဲ့က (၁၅) ကြိမ်မြောက် ပဋ္ဌာန်းပူဇော်ပွဲ၊ စုပေါင်း ရှင်ပြု ရဟန်းခံပွဲနှင့် စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲ(ကောင်းမှုသုံးဖြာ မင်္ဂလာတော်)ကြီးကို ကဆုန်လဆန်း ၉ရက်မှ ကဆုန်လဆန်း ၁၂ ရက်(မေ၅ရက်မှ၈ရက်အထိ) လေးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(က-ပ)

(၅)နှစ်ပြည့် မင်္ဂလာဆုတောင်း

၂၉-၄-၂၀၀၆ရက်တွင်ကျရောက်သော **ကိုဟန်ဦး** နှင့် **မကေသီစံ** တို့၏ (၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီးလေး **လပြည့်** တို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ရယူပိုင်ဆိုင်နိုင်ပါစေ......။

ချစ်သူငယ်ချင်း - ကိုသန်းလွင်-မခိုင်ရွှေဝင်း၊
သမီးလေး - ချမ်းချမ်း။

မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဧပြီ ၂၈

ယနေ့နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် မြင်းမူမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၇၁မီလီမီတာ ၂ ဒသမ ၈၀ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၂၄နှစ်အတွင်း ဧပြီလအတွက် အများဆုံး တိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၅၀မီလီမီတာ ၁ ဒသမ ၉၇ လက်မဖြစ်ပြီး ၁၉၉၉ခုနှစ် ဧပြီ ၁၉ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)







ချင်းပြည်နယ် ရေဇွာမြို့ ဗိုလ်ချုပ်လမ်း ကျောက်ချောလမ်းခင်း ပြီးစီးမှုကို ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

မြင်းမူအမှတ်(၁)ဘုန်းတော်ကြီးသင်ကျောင်း ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

မြင်းမူ မေ ၂၀

မြင်းမူမြို့နယ် ညောင်ပင်ကန်ကျေးရွာရှိ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ နန္ဒောဘာသ အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး ကျောင်းအကျိုးတော်ဆောင်များ၊ ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော်က သြဝါဒကထာ မြွက်ကြားသည်။

အဆိုပါသင်တန်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၃၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (၁၆၇)**

အမြို့မြို့ အနယ်နယ် သတင်းများ

ညောင်ရွှေမြို့နယ်၌ သံဃာတော်များ ဓမ္မာစရိယစာမေးပွဲဖြေဆို

ညောင်ရွှေ မေ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် ရွှေရတုဆွမ်းစားကျောင်းတွင် မြို့နယ်သြဝါဒါစရိယ ဆရာတော်သံဃာတော်များကြီးကြပ်မှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဦးဆောင်မှုဖြင့် မြို့နယ်တွင်းရှိ သံဃာတော်များအား ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲကို မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပရာ ဂုဏ်ထူးတန်းသုံးပါး၊ စာချတန်း ၇၅ ပါး၊ ပထမကြီးတန်း ၉၈ ပါး၊ ပထမလတ်တန်း ၁၂၂ ပါး၊ ပထမငယ်တန်း ၁၇၇ ပါးတို့ ဖြေဆိုတော်မူကြသည်။ **(၀၂၇)**

ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အုတ်ဖိုမြို့မ ၁ လမ်း၊ ၂ လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အမှုဆောင်အရာရှိ ဦးစန်းလွင်တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၀၇၄)

အင်းတော်သမဝါယမအသင်းဝင်မိသားစုများ ဈေးကွက်ဝင် ယိုစုံထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

အင်းတော် မေ ၁၆

အင်းတော်မြို့နယ် သမဝါယမအသင်းဝင် မိသားစုများ ဈေးကွက်ဝင် ယိုစုံထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၉ ရက် မွန်းလွဲ ၂ နာရီက အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု နန်းခါရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သဘာပတိ လယ်ပြင်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးရန်လုံနှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူးဦးစန်ညွှန့်တို့က အမှာစကားပြောကြားကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် သင်တန်းသားများအား မြို့နယ်သမဝါယမဦးစီးဌာနဦးစီးမှူးဦးစန်ညွှန့်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြပြီး တက်ရောက်လာကြသူများက သင်တန်းသားများ လက်တွေ့ထုတ်လုပ်ပြသထားသော ယိုစုံများကို ကြည့်ရှုလေ့လာကြသည်။ **(၁၃၃)**

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားမှုကို မေ ၈ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်လွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၀–၄–၂၀၀၆ (တနင်္ဂနွေနေ့) နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာသိမှတ်စရာ (စိုက်ပျိုးမွေးမြူရေးအကြောင်း– သိပ္ပံမှူးတင်)

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)

၁၁း၃၀ မေတို့တွက်တာ အလှကမ္ဘာ (ကေသာမြတ်နိုးသူများအတွက် နှုးညံ့စိုလက်မှု၏ လျှို့ဝှက်ချက်)

၁၂း၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (ထူးဆန်းသောဘုရင်နှင့် ယာသမားကြီးပုံပြင်)

၁၂း၃၀ ဓာတ်လမ်းပမာနားဆင်စရာ (တစ်ယောက်တစ်ဝက်)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ ရိုးရာပုံပြင် အကြောင်း–ဦးမင်းနိုင်)

ညနေပိုင်း

၁၆း၁၅ မေးကြည့် ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိအစီအစဉ်

၁၇း၀၀ သူ့လက်သံ [အမက(လွန်)ရွှေပေါက်ကံမှ မောင်ချမ်းဟိန်းအောင်၏ ဂီတလက်သံ]

၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်း–ဗိုလ်ရာညွှန့်) (ညွှန့်ဟံ–ကြူတော)

၁၇း၃၀ တေးသံရှင်အကြိုက် (စန္ဒရားလူမော်)

၁၈း၄၅ အာယုနှင့် သာဓုဆွေးနွေးခန်း

၂၀း၂၀ လပတ်မိုးလေဝသခန့်မှန်းချက်

၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (English Lesson Working Knowledge)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

၂–၅–၂၀၀၆ (အင်္ဂါနေ့)

- ❑ Pali Alphabet
  - ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Works of Art and Philosophy of Art
  - နောက်ဆုံးနှစ် ဒဿနိကဗေဒ အထူးပြုနှင့် ဒုတိယနှစ်မြန်မာစာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ နောင်ရိုးတိုက်ပွဲ
  - ပထမနှစ်မြန်မာစာအထူးပြု ကျောင်းသား၊ကျောင်းသူများ

၃–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ❑ Mitosis and Meiosis
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Respiration
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ

၄–၅–၂၀၀၆ (ကြာသပတေးနေ့)

- ❑ Electrophilic Addition To Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ကျောင်းသူများ

၅–၅–၂၀၀၆ (သောကြာနေ့)

- ❑ Drama Part I
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Drama Part II
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၆–၅–၂၀၀၆ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

၇–၅–၂၀၀၆ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

သက်ကြီး အဘိုးအဘွားများပူဇော်ပွဲ မလှိုင်မြို့၌ကျင်းပ

မလှိုင် မေ ၂၀

မလှိုင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် (၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ရက်က မလှိုင်မြို့ ပန်းလှိုင်ရွှေဝါခန်းမ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး သက်ကြီး အဘိုးအဘွားများအား ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးသန်းနှင့်ဇနီး ဒေါ်တင်တင်ဝင်းတို့က ဦးဆောင်၍ အဘိုးအဘွားများအား ငွေနှင့်လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

မြို့ပေါ်ရပ်ကွက်ကြီး လေးရပ်ကွက်မှ ကန်တော့ခံ အသက် ၈၀ အထက် အဘိုးအဘွား ၁၀၃ ဦး တက်ရောက်ခဲ့ကြသည်။ **(၄၁၉)**

ကျောင်းကုန်း၌ ဂုဏာပူဇာနှင့် ရှင်ပြုပွဲကျင်းပ လှူဖွယ်ဝတ္ထုနှင့်ဘွဲ့တံဆိပ်တော်များဆက်ကပ်

ကျောင်းကုန်း ဧပြီ ၂၅

နိုင်ငံတော်ကဆက်ကပ်သော ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနှစ်ပါးအား ဂုဏာပူဇာပွဲနှင့် ဦးသိန်းမောင်-ဒေါ်တင်လှ၊ ဦးမြသိန်း-ဒေါ်အေးကြည်(ရွှေလမင်း ဆေးလိပ်ခုံမိသားစု)တို့က သိက္ခာထပ်ခြင်းနှင့် ရှင်၈၂ပါးအား ရှင်ပြုပွဲ၊ကွန်ကရစ် လမ်းရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ဧပြီ၁၉ရက် နံနက်၈ နာရီက ကျောင်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် မဟာဝိသုတာရာမ ကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ မြို့နယ်သံဃနာယကဆရာတော် ဦးအာစိဏ္ဏထံမှ ငါးပါးသီလခံယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ရဆရာတော်များဖြစ်သော ကျီးတောသာသနာ့ပါလကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကနှင့်အမှတ်(၁)ရပ်ကွက်မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စတို့အား မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က လည်းကောင်း၊ အလှူရှင် ဦးသိန်းမောင်က လည်းကောင်း၊ ဆရာတော်များအားလှူဖွယ်ဝတ္ထုပစ္စည်းများနှင့်ဘွဲ့တံဆိပ်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် အလှူရှင်က နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးနှစ်ပါးအား သိက္ခာထပ် မင်္ဂလာနှင့် ရှင်၈၂ပါး ရှင်ပြုပွဲ၊ အမှတ်(၁)ရပ်ကွက် ရတနာပုံလမ်းနှင့် မြင့်လမ်းကုန်းလမ်းဆက်သွယ်သော လမ်းခင်းခြင်းစသည့် ကောင်းမှုအစုစုအတွက်ရေစက်ချလှူဒါန်းကြကြောင်း သိရသည်။ **(၂၆၅)**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ယင်းမာမြိုင်လမ်း အမှတ် (၃၆၆)နေ ဒေါ်အေးအေးမာက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေဘုရားစေတီတစ်ဆူအတွက် အလှူငွေ ကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေး ပညာပေးဟောပြော

နွားထိုးကြီး ဧပြီ ၁၂

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးပညာပေးဟောပြောပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဦးခင်မောင်ကြီးက တိရစ္ဆာန်မှ လူကိုကူးစက်နိုင်သော ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဦးသိဏ်းနိုင်က လူ၊ ကြက်၊ ငှက်နှင့်ဝက်တို့တွင် ဖြစ်ပွားနိုင်သော ကြက်ငှက်တုပ်ကွေးရောဂါပိုးအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။ **(၂၁၃)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကယားပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဖွဲ့စည်း

လွိုင်ကော် ဧပြီ ၁၆

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကကြီးမှူး၍ ကယားပြည်နယ် ငါးလုပ်ငန်း အဖွဲ့ချုပ်ဖွဲ့စည်းရေး အခမ်းအနားကို ဧပြီ၉ရက်နံနက်၉နာရီခွဲက ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမတွင်ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဦးစိုးဝင်းကအဖွဲ့ချုပ်တည်ထောင်ရခြင်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းသည်။

နှုတ်ခွန်းဆက်

ထို့နောက် တာဝန်ပေးခြင်းခံရသော ကယားပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစတိုင်လိုက နှုတ်ခွန်းဆက်စကား ပြောကြားကြောင်း သိရသည်။ **(ဝ၆၆)**

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံစေတီတော် ပရိဝုဏ်အတွင်းပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အတွက် မတ်၂၈ရက်က မော်လမြိုင်မြို့ မြိုင်သာယာ(၆) လမ်းနေ ဦးထွန်းလှ-ဒေါ်လှလှအိ မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။ (၁၆၈)

မိုးကောင်းမြို့နယ် ကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

မိုးကောင်း ဧပြီ ၂၄

ကချင်ပြည်နယ်မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၄)ဖွင့်ပွဲကို ဧပြီ၂၁ရက် နံနက်၉နာရီက နမ္မတီးကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာမြို့နယ်အသင်းနာယက မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်ထွန်းနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ **(၄၁၆)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန်နှိုးဆော်အပ်ပါသည်။

(၁) နံနက်၁၀နာရီမှ ညနေ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ခြင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကိုဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အမျိုးသားယဉ်ကျေးမှု စာရိတ္တပညာ သင်တန်းဖွင့်

မြင်းခြံ ဧပြီ ၁၀

မြင်းခြံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သော နွေဦးအားမာန်အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများဖွင့်ပွဲကို ဧပြီ၅ရက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါ်မြသီဂီနှင့် အဖွဲ့ဝင်များက သင်တန်းတွင် အသုံးပြုရန်အတွက် အလှူငွေကျပ်တစ်သောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ထံ ပေးအပ်လှူဒါန်းသည်။ **(၄၀၂)**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောက်ကုန်း အနော်ရထာလမ်း အမှတ်(၂)နေ ဦးလှဖေအားရည်စူး၍ ဇနီးဒေါ်ခင်ခင်(ချယ်ရီ)မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိ စာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်းသို့လှူဒါန်းရာတွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင်နှင့် အလုပ်အမှုဆောင် ဒေါ်ဥမ္မာစိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ချိပ်ပိတ်တင်ဒါကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
အမှတ်–၅၀၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့

၁။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။
(က) ရေယာဉ်သုတ်ဆေး (ရောင်စုံ)
(ခ) နံပါတ်(၈)သံဂဟေချောင်း (AWS. E. 6013)
(ဂ) နံပါတ်(၁၀) သံဂဟေချောင်း (AWS. E. 6013)
တင်ဒါပိတ်ရက် – (၉–၅–၂၀၀၆)
တင်ဒါပိတ်ချိန် – (၁၂း၃၀)နာရီ

၂။ တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ ထောက်ပံ့ရေးဌာနခွဲတွင် (၂–၅–၂၀၀၆)ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို (ပစ္စည်းတစ်မျိုးအတွက်) တစ်စုံလျှင် ကျပ် ၃၀၀၀/နှုန်းဖြင့် ဝယ်ယူတင်သွင်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ
စီမံရေးရာဌာန
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး။

TO LET

(1) off: room, GF on Mahabandoola Rd., 18x50 Ft, near sectariatl,
(2) phones, (2) electric meters.
(2) Two double story pucca houses on Than Lwin Rd.,
(2) phones, (2) electric meters , Fax, e-mail.
Enq: 527397/ 537433 .

ဓာတ်မြေသြဇာ အဝယ်တင်ဒါ

ဝယ်ယူမည့်ပစ္စည်းများ	ဓာတ်မြေသြဇာ(၂)မျိုး
တင်ဒါပိတ်ရက်	၁၀–၅–၂၀၀၆
အချိန်	၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် စည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါ ဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း **တယ်လီဖုန်းအမှတ်–**
အမှတ် ၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်။ **၅၆၁၀၅၉။**

အင်းစိန်မြို့နယ် မြို့တော်စည်ပင် ဂေါက်ကွင်းအနီးမှာ ခြံကျယ်ကျယ် ဈေးပေါပေါဖြင့် လိုချင်သူတွေအတွက်

(ပေ၁၀၀ X ပေ၁၀၀)မြေပိုင်မြေကွက်များကို ၆ပေ အမြင့်အုတ်တံတိုင်းလေးဘက်ကာရံပြီး ဂိတ်တံခါးတပ်ဆင်၍ ပေ ၂၀ အကျယ် ကွန်ကရစ်လမ်းခင်း၍ ထားပါသည်။ သီရိမင်္ဂလာလမ်း (ဂျပန်လမ်း)မှ ပေ၁၀၀ ခန့်သာ အတွင်းသို့ ဝင်ရပါသည်။

မြေကွက်ကြည့်ရန်

စော်ဘွားကြီးကုန်းအလွန် မြို့တော်စည်ပင်ဂေါက်ကွင်းအနီး သီရိမင်္ဂလာလမ်း (ဂျပန်လမ်း) စီးပွားရေးဦးပိုင်လီမိတက်၊ ဗန္ဓုလကားဝင်းရှေ့(သီရိမင်္ဂလာရိပ်သာ)။

ဖုန်း–၅၇၉၁၉၁၊ ၀၉၅–၀၀၀၃၀၅၊
၀၉၅–၁၁၃၈၆၃၊ ၃၇၂၆၆၀၊ ၀၉၅–၁၄၂၅၉၅။

သက်ကြီးပူဇော်ပွဲနှင့် ပညာပေးဟောပြောပွဲ တောင်ကြီး၌ ကျင်းပ ယဉ်ကျေးမှုနှင့် ကျန်းမာရေးသိကောင်းစရာများ ပညာပေးဟောပြော

တောင်ကြီး ဧပြီ ၂၈

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့က ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲနှင့် ပညာပေးဟောပြောပွဲ အခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၉နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်အသက်(၇၅)နှစ်အထက် အဘိုးအဘွား ၁၀ဦးတို့အား ကန်တော့ကြပြီး ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မြတ်ငွေနှင့် အဖွဲ့ဝင်များက ကန်တော့ပစ္စည်းများ ပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ ပညာပေးဟောပြောပွဲ အခမ်းအနားကို ကျင်းပရာ နာယက ဒေါ်မြတ်ငွေက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဆွေဆွေမြင့်က လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး၊ယဉ်ကျေးမှုနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ပညာပေး ဟောပြောကြကြောင်း သိရသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

အခြေခံယဉ်ကျေးမှု အကသင်တန်းနှင့် အတီး(စောင်း)သင်တန်းဖွင့်

ဘားအံ ဧပြီ ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(ဘားအံ)၌ အခြေခံယဉ်ကျေးမှု အကသင်တန်းနှင့် အတီး(စောင်း) သင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲကို ဧပြီ ၂၄ရက်က ကျင်းပသည်။

အခမ်းအနားသို့ ကရင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး နှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဖျော်ဖြေ

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူး နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းနည်းပြများက စောင်းတီးခတ်မှုသရုပ် ပြကာ အကနည်းပြက သရုပ်ပြ အကဖြင့်ဖျော်ဖြေသည်။

သင်တန်းကာလ

ယင်းသင်တန်းသို့ တိုင်းရင်းသူ ၄၀တို့ တက်ရောက် ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၄ပတ်ကြာမြင့်မည် ဖြစ်သည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူး ချုပ်သည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ဘားအံ)သို့ သွားရောက်ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြိမ်(၇၀)မြောက်သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၈

ကျိုက်လတ်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဟန် လူမှုထူးချွန်(ပထမဆင့်) **(အပေါ်ပုံ)**သည် ဧပြီ ၆ရက်က ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် အကြိမ်(၇၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

ကော့ကရိတ်မြို့ အမှတ်(၅) ရပ်ကွက် ရတနာလမ်းနှင့် ဘုရားကြီးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၄ရက်က ကျင်းပရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ဝင်းမောင်၊ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

လှိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ရက်က အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်စာကြည့်တိုက်မှူး ဒေါ်ဝင်းဝင်းရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သင့်ကြောင့် မီးမလောင်စေနှင့်

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှုကို မတ် ၁၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ကြို့ပင်ကောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ အိုင်အိုဒင်းဆားရောင်းချသော ကုန်ခြောက်ဆိုင်များ အိုင်အိုဒင်းပါဝင်မှုကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(အခွန်) ဦးအောင်ကြီး နှင့် ဈေးတာဝန်ခံ ဦးမျိုးနွယ် တို့ မတ် ၁၅ ရက်က အိုင်အိုဒင်းရည်ဖြင့် ကွင်းဆင်းစမ်းသပ်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းကြီးကြပ်ပေးစဉ်။

(၀၄၀)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့ပတ်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးများတက်ရောက် လမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ဖြတ်သန်းကြည့်ရှု

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်သော ကျိုင်းတုံမြို့ မြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက်ရနာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အဆိုပါ မြို့ပတ်လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

လမ်းသစ်ဖွင့်ပွဲတက်ရောက်

အဆိုပါ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊

စာမျက်နှာ ၁၁ ကော်လံ ၁ ■

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၉ ရက်) ၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အမျိုးသားညီလာခံသို့ တက်ရောက်ခြင်းသည် ပြည်သူလူထုကိုကိုယ်စားပြုသည်ဟုခံယူထား ညီလာခံအားဆန့်ကျင်ထွက်ခွာခဲ့သည့်အတွက် ပါတီနှင့်သဘောထားမတိုက်ဆိုင် SNLD သည် ပြည်ပအားကိုးပြီး သောင်းကျန်းသူများနှင့်ပတ်သက်နေသည့်အတွက် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်

ရန်ကုန် မေ ၂၈

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ကျောက်မဲမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ကျောက်မဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးစိုင်းဆောင်စီ(ခေါ်) ဦးနယ်လ်ဆင် (အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/ကမန(နိုင်)၀၀၉၈၂၄)က အဆိုပါ SNLDပါတီတွင် ဆက်လက်လုပ်ကိုင်စိတ် ကုန်ခန်းလာသဖြင့် ပါတီဝင်အဖြစ်မှနုတ်ထွက်ကာ နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတွင် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် ပြည်သူလူထုနှင့်အတူ အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၏ ပါတီဝင်အဖြစ်မှလည်းကောင်း၊ ဗဟိုကော်မတီဝင်အဖြစ်မှ လည်းကောင်း နုတ်ထွက်ပါကြောင်း ၂၀၀၆ခုနှစ် မေ ၆ရက်တွင် ကျောက်မဲမြို့နယ် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ ကျောက်မဲမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံးနှင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (ရန်ကုန်)တို့ထံ အကြောင်းကြားစာများ ပေးပို့နုတ်ထွက်ခဲ့ကြောင်းသိရသည်။

စာမျက်နှာ ၂ ကော်လံ ၄ ✡

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် မေ ၂၈ ရက် နံနက် ၈နာရီ ၁၀မိနစ် အချိန်၌ ဖြစ်ပေါ်နေသော မာလာ အမည်ရှိ ဟာရီကိန်းတမျှ ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းကြီးအား မိုးလေဝသဂြိုဟ်တုမှ ရိုက်ယူထားသောပုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-မိုး/ဇလ)



ဘင်္ဂလားပင်လယ်အော်၌ မာလာ အမည်ရှိ မုန်တိုင်းဖြစ်ပေါ် အလွန်အင်အားပြင်းထန်သောမုန်တိုင်းကြီးတစ်ခုဖြစ် အကျယ်အဝန်းကြီးမားပြီး လေစိုင်ဝဲများဖြစ်ပေါ်နိုင် ကမ်းရိုးတန်းနေပြည်သူများ ဘေးကင်းရာရွှေ့ပြောင်းနေထိုင်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၈

ယခုရက်ပိုင်းအတွင်း မိုးများ ရုတ်တရက်ရွာချလေသည်။ တစ်ခါတစ်ရံ ဖွဲဖွဲ တစ်ခါတစ်ရံ သဲသဲမဲမဲ ရွာသွန်းနေသဖြင့် ရာသီဥတု ရုတ်ခြည်းပြောင်းလဲသွားမှုအပေါ် မည်သို့ ထူးခြားမှုရှိနေသည်ကို ပြည်သူများ သိရှိရန် မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ●